မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ဦးတန်ခူးလဆန်း ၁၁ ရက်၊ ၂၀၀၅ ခုနှစ်၊ ဧပြီ ၁၉ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၉၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရခိုင်ပြည်နယ် သံတွဲမြို့ အဏ္ဏဝါရိပ်သာခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ရခိုင်ပြည်နယ်အတွင်း လမ်း၊ တံတားတည်ဆောက်ရေး စီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လူနေမှုဘဝ ပိုမိုတိုးတက်မြင့်မား

ရခိုင်ပြည်နယ်၏ အခြားပြည်နယ်၊ တိုင်းများသို့ ဆက်စပ်ရာ တံခါးပေါက် သုံးပေါက်ဖြစ်သည့် အမ်း–မင်းဘူးလမ်း၊ တောင်ကုတ်–ပြည်လမ်းနှင့် ဂွ–ငါးသိုင်းချောင်းလမ်းတို့ကို တစ်ခုနှင့်တစ်ခု ဆက်စပ်မိပြီး ဆက်သွယ်သွားလာရေး အဆက်မပြတ်စေရန်နှင့် ယင်းတံခါးပေါက် သုံးပေါက်မှ အခြားပြည်နယ်၊ တိုင်းများသို့ ရာသီမရွေး သွားလာနိုင်စေရန်အတွက် လမ်းမကြီးများကို အမြဲမပြတ်စစ်ဆေးပြုပြင်မှု၊ အဆင့်မြှင့်တင်မှုများ ပြုလုပ်သွားရန်လို၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်မှသာ ရခိုင်ပြည်နယ်နှင့် အခြားသော ပြည်နယ်၊ တိုင်းဒေသများ တစ်ဆက်တစ်စပ်တည်းဖြစ်ပြီး ရခိုင်ပြည်နယ်၏ စီးပွားကုန်သွယ်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပြီး ပြည်သူများ၏ လူနေမှုဘဝ ပိုမိုတိုးတက်မြင့်မားလာမည်။



ဒေသခံပြည်သူများ ပင်မစီးပွားရေးလုပ်ငန်းတစ်ခုတည်းအပေါ် ရပ်တည်မည့်အစား ရော်ဘာနှင့် ငရုတ်ကောင်းစိုက်ပျိုးရေး၊ သိပ္ပံနည်းကျမွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင် ဒေသရော ဒေသခံပြည်သူများအတွက်ပါ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးစည်ပင်လာမည်ဖြစ်

ရန်ကုန် ဧပြီ ၁၈

ရခိုင်ပြည်နယ် သံတွဲမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရန်ကုန်–ကျောက်ဖြူလမ်းပေါ်ရှိ ကျောက်ဖြူ–မအီလမ်းအပိုင်း၊ မအီ–တောင်ကုတ်လမ်းအပိုင်းနှင့် အမ်း–ပဒဲကြော–မအီလမ်း ပြုပြင်ဖောက်လုပ်မှုနှင့် တောင်ကုတ်–မအီ–ကျောက်ဖြူလမ်းပေါ်ရှိ သံသမချေတံတား၊ သဇင်တန်ပေါက်တံတား၊ ဝန်ဖိုက်တံတားနှင့် မင်းကြောင်းချောင်းတံတား တည်ဆောက်ရေးစီမံကိန်းများနှင့်စပ်လျဉ်း၍ ယနေ့နံနက် ၁၀ နာရီခွဲတွင် ရခိုင်ပြည်နယ် သံတွဲမြို့ အဏ္ဏဝါရိပ်သာခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဧပြီလ ၁၉ ရက်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေး လျှပ်စစ်ဓာတ်အားများ ဒေသအလိုက် ဖြန့်ကြက်ထုတ်လုပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန်အတွက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာတွင် ပြည်နယ်နှင့်တိုင်းအားလုံး ဆက်စပ်ယှဉ်တွဲလျက် ကဏ္ဍအသီးသီး၌ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဖြည့်ဆည်းပေးလျက် ရှိသည်။

ယင်းသို့ စီမံဆောင်ရွက်ပေးလျက်ရှိရာတွင် ဆည်တမံများကို ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိပြီး လမ်းတံတားများကို ကွန်ရက်ပမာ ဖောက်လုပ်တည်ဆောက်ပေးလျက် ရှိသည်။ တစ်ဆက်တည်းတွင် တိုင်းရင်းသားပြည်သူများ လူမှုဘဝမြင့်မားတိုးတက်စေရန်အတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုပါ ဖြည့်ဆည်းပေးလျက် ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း သဘာဝရေသယံဇာတဖြစ်သည့် မြစ်ချောင်းများသည် နှစ်ပေါင်းများစွာ စီးဆင်းလျက်ရှိသည်။ ရေစီးဆင်းမှုပမာဏ နှစ်စဉ်ဧကပေ သန်းပေါင်း ၈၇၀ရှိသည်။ ထိုရေစီးဆင်းမှုကို နေရာပေါင်း၂၆၇နေရာမှ ထိန်းချုပ်၍ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ပါလျှင် မဂ္ဂါဝပ် ၄၀၀၀၀ပမာဏအထိပင် ရရှိနိုင်ကြောင်း သိရသည်။

သဘာဝကပေးသော ရေသယံဇာတ အရင်းအမြစ်များကို ထိထိရောက်ရောက် အသုံးချနိုင်ရန်အတွက် နိုင်ငံတော်အစိုးရသည် ကိုယ်ပိုင်အရင်းအနှီး၊ ကိုယ်ပိုင်စွမ်းပကားများ အသုံးချ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ရေအားလျှပ်စစ်စက်ရုံမျိုးစုံ ၃၀အထိ တည်ဆောက်ပေးနိုင်ခဲ့ပြီး တည်ဆောက်ဆဲစီမံကိန်း ၂၀ပြီးစီးပါက လျှပ်စစ်ဓာတ်အား ၅၈၆၃မဂ္ဂါဝပ်အထိ မြင့်မားတိုးတက်ရရှိလာမည် ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း ဧပြီလ ၁၆ရက်နေ့က ရခိုင်ပြည်နယ်သံတွဲမြို့ အဏ္ဏဝါရိပ်သာခန်းမ၌ လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်ရေး စီမံကိန်းများနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားရာ၌-

"ကချင်ပြည်နယ်အတွင်း ဧရာဝတီမြစ်ကျဉ်း ရေအားလျှပ်စစ်စီမံကိန်း၊ စစ်ကိုင်းတိုင်းအတွင်း မော်လိုက်နှင့်မဏိပူ ရေအားလျှပ်စစ်စီမံကိန်းများ၊ ရှမ်းပြည်နယ်တွင် ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း၊ ကျိုင်းတုံမြို့အနီးရှိ နမ့်လွေ ရေအားလျှပ်စစ်စီမံကိန်း၊ တနင်္သာရီတိုင်းအတွင်း မေယွန်ရေအားလျှပ်စစ်စီမံကိန်း စသည်ဖြင့် တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ပေးနေသော ဒေသအလိုက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးစီမံကိန်းများ အကောင်အထည်ပေါ်လာသည်နှင့်တစ်ပြိုင်နက် တစ်ပြည်လုံး လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ပြီဟု ပြောနိုင်ပြီဖြစ်ကြောင်း"

မိန့်ကြားသွားသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဘက်စုံ၊ ကဏ္ဍစုံ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ဖွံ့ဖြိုးမှုနောက်ကျသည့် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ကြိုးပမ်းဖော်ဆောင်ပေးလျက် ရှိသည်။ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိကလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ပြည်နယ်နှင့်တိုင်း တစ်ခုချင်းမှသည် နိုင်ငံတစ်ဝန်းလုံး လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်စေရန် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ်အတွင်း သူဋ္ဌေးချောင်းရေအားလျှပ်စစ်စီမံကိန်း၊ အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ကျိန်တလီရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းများပြီးစီးပါက သံတွဲ၊ တောင်ကုတ်၊ ဂွစသည့် ရခိုင်ပြည်နယ် တောင်ပိုင်းမြို့နယ်များအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးဝေနိုင်မည် ဖြစ်ပေသည်။

သို့ဖြစ်ရာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ပေးနေသော ဒေသအလိုက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးစီမံကိန်းများ အကောင်အထည်ပေါ်လာစေရန် တာဝန်ရှိသူအားလုံးက အားကြိုးမာန်တက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြမည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူးဗိုလ်ချုပ်စိုးနိုင် ဧရာဝတီတိုင်း မဟာသင်္ကြန်ပွဲတော် ပျော်ရွှင်စွာပါဝင်ဆင်နွှဲ ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနား တက်ရောက်ဆုချီးမြှင့်ပေးအပ်

ရန်ကုန် ဧပြီ ၁၈

ဧရာဝတီတိုင်း ၂၀၀၅ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲကို ဧပြီ ၁၃ရက် နံနက် ၇နာရီက ပုသိမ်မြို့ ကမ်းနားလမ်းရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရှိ ရပ်ကွက်များမှ သင်္ကြန်ယိမ်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ဖွင့်လှစ်ပေးသည်။

အတာရေပက်ဖျန်းပေး

ထို့နောက် ပုသိမ်ပညာရေးကောလိပ် ဂီတဌာနမှူး(အငြိမ်းစား) ဦးခင်မောင်လွင် ရေးသားသီကုံးသော မဟာသင်္ကြန်ပွဲတော် ဂုဏ်ပြုတေးနှစ်ဦးအတာတိုင်းဧရာ တေးသီချင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တေးသံရှင် ညိုညိုဝင်းက သီဆိုဖျော်ဖြေပြီး ယိမ်းအဖွဲ့များက စုပေါင်းကပြ ဖျော်ဖြေကြ၍ အတာရေများ ပက်ဖျန်းပေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တိုင်းမှူးနှင့်ဇနီးတို့သည် သင်္ကြန်ပွဲတော်တက်ရောက်လာကြသူများအား အတာရေဖြင့် ပက်ဖျန်းပေးပြီး ယိမ်းအဖွဲ့များနှင့် ဗဟိုမဏ္ဍပ်၌ သီဆိုဖျော်ဖြေကြသော တေးသံရှင်များ၏ သီဆိုဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ကြည့်ရှုအားပေး

ဧပြီ ၁၄ရက်(သင်္ကြန်အကျနေ့)နှင့် ဧပြီ ၁၅ရက်(သင်္ကြန်အကြတ်နေ့)၊ ဧပြီ ၁၆ရက်(သင်္ကြန်အတက်နေ့)တို့တွင် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ပုသိမ်မြို့ပေါ်ရှိ ရပ်ကွက်များနှင့် ဌာနဆိုင်ရာများ၊ တိုင်းစစ်ဌာနချုပ်တို့၏ သင်္ကြန်မဏ္ဍပ်များသို့ လှည့်လည်၍ မဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြကာ ယိမ်းအဖွဲ့များနှင့် တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးသည်။

သင်္ကြန်အကများဖြင့်ဖျော်ဖြေ

သင်္ကြန်အတက်နေ့ ညနေ ၅နာရီတွင် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်သည် ပုသိမ်မြို့ ဗဟိုမဏ္ဍပ်၌ ကျင်းပသည့် ဧရာဝတီတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ရာရှေးဦးစွာ ယိမ်းအကအဖွဲ့များက သင်္ကြန်အကများဖြင့်ဖျော်ဖြေကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုနှင့်အထူးဆု ရရှိကြသည့်သင်္ကြန်ယိမ်းအဖွဲ့များအား ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီးတို့က ပထမဆုရရှိသည့် ပုသိမ်တက္ကသိုလ် ယိမ်းအဖွဲ့အား ဆုငွေကျပ်တစ်သိန်းနှင့် ဆုဖလားကိုလည်းကောင်း၊ အကဲဖြတ်နှင့် အမှတ်ပေးဒိုင်အဖွဲ့များ၊ မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲသီချင်းရေးစပ်သူနှင့် ဧရာဝတီတိုင်း မြန်မာ့ဆိုင်းဝိုင်းအဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီးနောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဧရာဝတီတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ပိတ်သိမ်းပေးပြီး ယိမ်းအဖွဲ့များက မြနန္ဒာသီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရန်ကင်းမြို့နယ် စာအောင် သံဃာတော် အရှင်သူမြတ် များအား အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲနှင့် စုဠဘွဲ့ နှင်းသဘင် အခမ်းအနားကို မတ်၂၀ရက်က ရန်ကင်းမြို့နယ် ဓမ္မိက ဓမ္မာရုံတော်ကြီးတွင် ကျင်းပစဉ်။
(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၁၉-၄-၂၀၀၅
(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။	မျိုးချစ်တပ်မတော်
၅:၀၀	၈။	အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Population Statistics(I). (ဒုတိယနှစ်-စီးပွားရေး)
၅:၃၀	၉။	ပညာခေတ်
၅:၄၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသသတင်း
၆:၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။	လျှပ်တစ်ပြက်
၇:၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျောက်မဖြစ်တဲ့ နှလုံးသား ရုပ်ကြွင်း"** (အပိုင်း-၈)
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ကျန်းမာသုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်သူ သူရဲကောင်း"** (အပိုင်း-၃)

အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၈

ပြင်ဦးလွင်မြို့ စိန့်အယ်(လ်)ဘတ် အထက်တန်းကျောင်းတွင် ပညာသင်ယူခဲ့ကြသည့် ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနားကို အကြိမ်(၂၀)မြောက် ကျင်းပမည်ဖြစ်ရာ မြန်မာပြည်အနယ်နယ် အရပ်ရပ်ရှိ ကျောင်းသားဟောင်းများ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဧပြီ ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ပြင်ဦးလွင်မြို့ရှိ ပုလဲခန်းမသို့ မပျက်မကွက် တက်ရောက်ကြရန် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီက ဖိတ်ကြား နှိုးဆော်ထားသည်။

(က-ပ)

နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်နေခြင်းမှာ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်ဆိုသည့် အားသုံးအား ညီညွတ်စွာကြိုးပမ်းလုပ်ဆောင်ခဲ့ကြ၍ဖြစ်

❒ *ကျော်ဖုံးမှ*

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များအား အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်လှိုင်နှင့် တပ်မတော်အရာရှိများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် အမ်းမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် တည်ဆောက်ပြီးစီးနေပြီဖြစ်သည့် အမ်းမြို့ ပြည်သူ့ဆေးရုံ(ခုတင်–၁၀၀) ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် အမ်းမြို့ တပ်နယ်ရိပ်သာသို့ ရောက်ရှိကြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် အမ်းတပ်နယ်ရှိ အမ်းရိုးမခန်းမသို့သွားရောက်၍ အမ်းတပ်နယ်အတွင်းရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ယင်းသို့တွေ့ဆုံရာတွင် ရှေးဦးစွာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်က အမ်းဒေသ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ လမ်းပန်းဆက်သွယ်ရေး ဆောင်ရွက်ပေးမှုအခြေအနေများ၊ စက်မှုဇုန်ဆောင်ရွက်မည့် အစီအမံများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ရခိုင်ပြည်နယ်အတွင်း လမ်း၊ တံတားများ ဆောင်ရွက်ပေးနေမှုအခြေအနေ၊ မအီ–ကျောက်ဖြူလမ်းအပိုင်းတွင် တံတားများတည်ဆောက်ပေးနေမှုအခြေအနေ၊ လမ်းများအဆင့်တိုးမြှင့်ဆောင်ရွက်ပေးနေမှု အခြေအနေနှင့် ဆက်လက် ဆောင်ရွက်ပေးသွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။

အထွက်နှုန်းရရှိရေး

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမ်းမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း စပါးသီးနှံစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ရော်ဘာနှင့်ငရုတ်ကောင်း စိုက်ပျိုးရေးတို့အတွက် မျိုးကောင်းမျိုးသန့်များ ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမ်းဒေသတွင် ရေကြောင်းနှင့် မော်တော်ယာဉ်လိုင်းများ စီစဉ်ဆောင်ရွက်ပေးထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပံ့ပိုးဆောင်ရွက်

ဆက်လက်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ရခိုင်ပြည်နယ်၏ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ဒေသကြက်နှင့် ဒေသဝက်မွေးမြူရေး၊ တစ်ပိုင်တစ်နိုင်ငါးမွေးမြူရေး၊ ပုစွန်မွေးမြူရေးတွင် ဒေသ၏ သဘာဝမွေးမြူရေးစနစ်မှ ခေတ်မီစနစ်သို့ ကူးပြောင်းရေးတို့အတွက် ဝန်ကြီးဌာနက ပံ့ပိုး ဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း အမ်းမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ဖွယ်ရာများ သွားရောက်ကြည့်ရှုဆောင်ရွက်ပေးရန် လမ်းညွှန်ချက်အရ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ဦးဆောင်လျက် မိမိတို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေး

နိုင်ငံတော်အကြီးအကဲအနေဖြင့် အမ်းမြို့နယ်သည် ပထဝီအနေအထားအရ အချက်အချာကျသော်လည်း လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်သဖြင့် ဖွံ့ဖြိုးမှုနောက်ကျနေခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေးမှအစ ဒေသဖွံ့ဖြိုးရေးကို အလေးပေးဆောင်ရွက်စေခဲ့ကြောင်း။

ယခုဆိုလျှင် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၌ မင်းဘူး–အမ်း–စစ်တွေ လမ်းမကြီးသာမက အမ်း–တောင်ကုတ်–သံတွဲ–ဂွလမ်းမကြီးနှင့် အမ်း–ကျောက်ဖြူလမ်းမကြီး ပေါ်ပေါက်လာခဲ့ပြီဖြစ်ကြောင်း။

အမ်းမြို့နယ်၏ သောက်သုံးရေအတွက် ဟင်းရွက်ချောင်းဆည်ကို တည်ဆောက်ပေးခဲ့ပြီး မကြာမီတွင် အမ်းမြို့နယ်လျှပ်စစ်မီး ပိုမိုရရှိရေးအတွက် အမ်းချောင်းရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း။

တည်ဆောက်ပြီးစီး

အလားတူပင် လေယာဉ်ပြေးလမ်း ပေ ၈၀၀၀ ကျော်ရှိသည့် အမ်းလေယာဉ်ကွင်းကြီးကို တည်ဆောက်လျက်ရှိသကဲ့သို့ ကျန်းမာရေးကဏ္ဍတွင်လည်း ခုတင်(၁၀၀)ဆံ့ ဆေးရုံသစ်ကြီး တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း။

ကျောက်ဖြူမြို့ ဖွံ့ဖြိုးရေးအတွက်လည်း အစီအမံများ ချမှတ်ဆောင်ရွက်နေရာ ကျောက်ဖြူမြို့၏ တံခါးပေါက်ဟုဆိုရမည့် အမ်းမြို့နယ်လည်း ပိုမိုတိုးတက် စည်ပင်လာတော့မှာ ဖြစ်ကြောင်း။

ဒေသခံပြည်သူများကလည်း နိုင်ငံတော်၏ အစီအမံများနှင့်အညီ စပါး၊ ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးသာမက ရော်ဘာ၊ ငရုတ်ကောင်းစသည့်သီးနှံများ တိုးတက်ထုတ်လုပ်သွားရန် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာ၌ မြန်မာနှစ်ဆန်းတစ်ရက်နေ့ မင်္ဂလာအခါသမယတွင် အမ်းမြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်မိသားစုများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ နိုင်ငံတော်အကြီးအကဲ၏ကိုယ်စား ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆွေးနွေးမှာကြားခွင့်ရရှိသည်မှာ ထူးခြားသည့် တာဝန်တစ်ရပ်ပင်ဖြစ်ကြောင်း။

အစီအမံများအဓိကထား

မိမိနှင့်အတူ လိုက်ပါလာခဲ့ကြသည့် ဒေသတာဝန်ခံ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တကွ နိုင်ငံတော်အစိုးရ ဝန်ကြီးများအားလုံးက အမ်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်မည့် အစီအမံများကို အဓိကထားပြီး ရှင်းလင်းပြောကြားခဲ့ကြကြောင်း။

ဒေသတစ်ခု၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးသည် ယင်းဒေသတွင် မှီတင်းနေထိုင်ကြသည့် ပြည်သူတစ်ဦးချင်း၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် မှီတည်နေကြောင်း။

ပြည်သူတစ်ဦးချင်း ဖွံ့ဖြိုးတိုးတက်ပါမှ မိသားစု၊ ရပ်ရွာဒေသ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းနှင့် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်အကြီးအဖြစ် ရည်မှန်း တည်ဆောက်လျက်ရှိခြင်းသည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများအားလုံး အကျိုးအတွက်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း အမ်းတပ်နယ် အမ်းရိုးမခန်းမ၌ အမ်းတပ်နယ်ရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုများ၊ အမ်းမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယင်းအမျိုးသားရေးမျှော်မှန်းချက်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်နေခြင်းမှာ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်ဆိုသည့် အားသုံးအား ညီညွတ်စွာဖြင့် ကြိုးစားလုပ်ဆောင်ခဲ့ကြ၍ပင်ဖြစ်ကြောင်း။

အားပေးဖိတ်ခေါ်

သို့ဖြစ်၍ နိုင်ငံတော်တာဝန်ရှိသူများက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်သူများ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန်၊ ပြည်သူများ အကျိုးဖြစ်ထွန်းစေရေးအတွက် ဝိုင်းဝန်းလုပ်ဆောင်ကြရန် အားပေးဖိတ်ခေါ်တိုက်တွန်း ပြောကြားနေခြင်းဖြစ်ကြောင်း။

ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နိုင်ငံတော်တာဝန်ရှိသူများ အခေါက်ခေါက်အခါခါ လာရောက်ပြီး အဘက်ဘက်က စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

အထူးသဖြင့် ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေး ထူးထူးခြားခြား တိုးတက်ကောင်းမွန်လာအောင် မိမိတို့ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဆက်လက် ဆောင်ရွက်ပေးနေဆဲလည်းဖြစ်ကြောင်း။

အမ်းဒေသတွင် အမ်း–မအီ–တောင်ကုတ်လမ်း ပြီးစီးခဲ့ပြီဖြစ်ပြီး ရန်ကုန်–အမ်း–ကျောက်ဖြူလမ်းမကြီးတစ်လျှောက် တံတားများတည်ဆောက်ပေးလျက်ရှိနေကြောင်း။

တိုးမြင့်စည်ပင်လာ

လမ်းမကြီးများ ပေါ်ပေါက်လာခြင်းသည် လမ်းပန်းဆက်သွယ်ရေးအတွက်သာမက လမ်းတစ်လျှောက်ရှိ ကျေးရွာများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကိုပါ တိုးမြင့်စည်ပင်လာစေမှာဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်၏ မူဝါဒအဖြစ်ထားရှိပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းမှာ နိုင်ငံတော်နှင့်ပြည်သူများအတွက်ပင်ဖြစ်ကြောင်း။

ပြီး နိုင်ငံတော်အစိုးရကိုယ်စား ပြည်သူ့အကျိုး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ ဝန်ထမ်းကောင်းဟု ဆိုရမှာဖြစ်ကြောင်း။

တပ်မတော်သားများ အနေဖြင့်လည်း နိုင်ငံတော်နှင့် ပြည်သူများ အကျိုးအတွက် အသက်ကို စွန့်လှူသည်အထိ ကာကွယ်စောင့်ရှောက်ရန် သစ္စာအဓိဋ္ဌာန် ပြုထားသူများပီပီ ပြည်သူများအပေါ် မိဘသဖွယ်သဘောထားစောင့်ရှောက်ကြရမည်ဟု နှစ်နှစ်ကာကာ ခံယူထားကြရန် မှာကြားလိုကြောင်း။

ပြည်သူများနှင့် တပ်မတော်သားများ မိဘနှင့် သားသမီးများသဖွယ် သဘောထားပြီး အပြန်အလှန် ကူညီစောင့်ရှောက်ခြင်းအားဖြင့် တပ်မတော်နှင့် ပြည်သူ တစ်သားတည်းဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်စိတ် တစ်ဝမ်းတည်း ဝိုင်းဝန်းဆောင်ရွက်နိုင်ကြမည် ဖြစ်ကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ရန်ကုန်–

စာမျက်နှာ ၅ ကော်လံ ၁

နိုင်ငံတော်နှင့် နိုင်ငံ့ဝန်ထမ်း

နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း မိမိတာဝန် ထမ်းဆောင်ရာဒေသကို မိမိ၏ ဇာတိရပ်ရွာကဲ့သို့ သဘောထား

အရှည်ခိုင်ခံ့အောင် ကြိုးစားတည်ဆောက်

အခြေအနေ အချိန်အခါနှင့် ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု အလားအလာများ၊ လိုအပ်ချက် များအလိုက် ဒေသ၏ ရေမြေသဘာဝ ပထဝီအနေအထားကို ကြည့်ပြီး တံတားကြီးငယ်အမျိုးအစား အမျိုးမျိုးကို တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ခဲ့ရာ အတွေ့အကြုံ များစွာရရှိခဲ့ပြီဖြစ်သည်နှင့်အညီ ယခု တည်ဆောက်နေသည့် တံတားများကိုလည်း ရေမြေသဘာဝနှင့် လိုက်လျောညီထွေစွာ အရှည်ခိုင်ခံ့အောင် ကြိုးစားတည်ဆောက်။

ဝန်ကြီးချုပ် ဝမ်ကျားပေါင်၏ တောင်အာရှလေးနိုင်ငံ ခရီးစဉ် အပြုသဘောဆောင်သော ရလဒ်များပေါ်ထွန်းခဲ့

ဒါကာ ဧပြီ ၁၆

တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင် တောင်အာရှလေးနိုင်ငံသို့၁၀ရက်ကြာ ခရီးထွက်မှုသည် ဧပြီ၁၂ရက်၌ ပြီးဆုံးသွားခဲ့ပြီး အလွန်အပြုသဘောဆောင်သော ရလဒ်များပေါ်ထွန်းခဲ့သည်ဟု အပတ်စဉ်ထုတ် သတင်းစာတစ်စောင်က ကြာသပတေးနေ့၌ ရေးသားလိုက်သည်။

ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာနိုင်ငံတို့သို့ လာရောက်ခဲ့သည့် တရုတ်ဝန်ကြီးချုပ်၏ အလည်ခရီးသည် အလွန်အပြုသဘောဆောင်သော ရလဒ်များ ပေါ်ထွန်းခိုက်တွင် အိန္ဒိယနိုင်ငံသို့ လာရောက်ခဲ့သည့် ဝန်ကြီးချုပ် ဝမ်ကျားပေါင်၏ အလည်ခရီးမှာလည်း အိန္ဒိယနိုင်ငံအတွက် သာမက ဒေသတစ်ခုလုံးအတွက် သမိုင်းဝင်ဖြစ်ခဲ့သည်ဟု ဟောလီးဒေး သတင်းစာက ရေးသားခဲ့သည်။

ငြိမ်းချမ်းရေးနှင့် ကြီးပွားတိုးတက်ရေးအတွက်သာမကမဟာဗျူဟာနှင့် ညှိနှိုင်းဆောင်ရွက်ဖက်ဖြစ်စေရန် အာရှတိုက်၏ နိုင်ငံကြီးနှစ်နိုင်ငံစလုံးက သဘောတူညီမှု ရရှိကြသည်။

အိန္ဒိယနိုင်ငံ၌ လည်ပတ်စဉ်အတွင်း တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် သဘောတူချက် ၁၁ခုကို လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြပြီး နှစ်နိုင်ငံစလုံးက ၎င်းတို့၏ ဆက်ဆံရေးကို အဆင့်သစ်သို့ တက်လှမ်းရန် သဘောတူခဲ့ကြပြီး လက်ရှိ အပြန်အလှန် ကုန်သွယ်မှုကို အရှိန်အဟုန်မြှင့်တင်ရေးလုပ်ငန်းများ ချမှတ်ဆောင်ရွက်ခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လာရောက်ခဲ့သည့် ဝန်ကြီးချုပ်ဝမ်၏ အလည်ခရီးတွင် ဝန်ကြီးချုပ် ဖော်ပြခဲ့သော သဘောတူချက် ကိုးရပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံရှန်ဟဲမြို့တွင် မော်တော်ယာဉ်ပြပွဲတစ်ရပ် ပြုလုပ်လျက်ရှိရာ စမတ်ရိုတ်စတားမော်တော်ယာဉ်တစ်စီးအား ကြည့်ရှုလေ့လာနေသူများကို ဧပြီ ၁၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ကင်းလှည့်

မိုဆူးလ်မြို့တွင် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဧပြီ ၁၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာလူးချောင်းကြော်များနှင့် အရန်သင့်သောက်နိုင်သော ကော်ဖီသောက်သုံးမှု ကင်ဆာဖြစ်စေနိုင်ဟုဆို

ပေကျင်း ဧပြီ ၁၆

အာလူးချောင်းကြော်များနှင့် အရန်သင့်သောက်နိုင်သော ကော်ဖီများတွင် ပါရှိသည့် အက်ခရီလာမိုက်ဓာတုပစ္စည်းတစ်မျိုးသည် ကင်ဆာဖြစ်စေနိုင်ဖွယ်ရှိခြင်းကြောင့် ထိုအစားအစာများကို လူအများလျှော့စားသုံးသင့်ကြောင်း တရုတ်ကျန်းမာရေးဝန်ကြီးဌာနက မကြာမီက ပြောကြားသည်။

ဖော်ပြထား

ဘီစကစ်နှင့် ပေါင်မုန့်အပါအဝင် ကောက်ပဲသီးနှံအခြေခံထုတ်ကုန်များတွင်လည်း ဖော်ပြပါ အက်ခရီလာမိုက်ဓာတုပစ္စည်းပါရှိကြောင်း ယင်းဝန်ကြီးဌာန ကြေညာချက်ကို ကိုးကားလျက် ကြာသပတေးနေ့ထုတ် ပေကျင်းဒေးလီးမက်ဆင်ဂျာ၌ ဖော်ပြထားသည်။

ကာဘိုဟိုက်ဒရိတ်များပြီး ပရိုတိန်းနည်းသောအပင် အခြေခံအစားအစာများကို မြင့်မားသောအပူချိန်၌ ကြော်လှော်ချက်ပြုတ်သည့်အခါ အက်ခရီလာမိုက်သည် ပါဝင်ဖွဲ့စည်းကြောင်း လေ့လာတွေ့ရှိရသည်ဟု အဆိုပါဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားသည်။

လိုအပ်

တိရစ္ဆာန်များအား စမ်းသပ်ချက်တွင် အက်ခရီလာမိုက်သည် ကင်ဆာဖြစ်နိုင်သည်ကို ပြသသော်လည်း လူတို့၏ ကျန်းမာရေးကို အဆိုပါ ဓာတုပစ္စည်း၏ ထိခိုက်မှု တိတိကျကျဖြစ်စေရန် လိုအပ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

ပေကျင်းမြို့ လူဦးရေ ၁၅ သန်းနီးပါးရှိ

ပေကျင်း ဧပြီ ၁၇

ပေကျင်းမြို့ လူဦးရေသည် ယမန်နှစ်၌ ၁၄ ဒသမ ၉၃ သန်းထိရောက်ရှိခဲ့ရာ ၁၉၄၉ခုနှစ်တွင် ရှိခဲ့သည့် လူဦးရေထက် ၃ ဒသမ ၆ဆပိုများခဲ့ကြောင်း ပေကျင်းမြူနီစီပယ်ကိန်းဂဏန်းအဖွဲ့ အဆိုအရ သိရသည်။

ပြောကြား

လွန်ခဲ့သည့် ၅၅နှစ်ကာလတွင် ပေကျင်းမြို့၏ လူဦးရေသည် နှစ်စဉ်၁၉၅၀၀၀တိုးလာခဲ့သည်ဟု ဆိုသည်။ ပေကျင်းလူဦးရေသည် ၁၉၆၀ပြည့်နှစ်များအတွင်း တိုးတက်မှုနှေးကွေးခဲ့ကြောင်း၊ ထိုကာလအတွင်း ပေကျင်းမြို့၏ လူဦးရေမြင့်တက်မှုသည် နှစ်စဉ် ၄၅၀၀၀သာရှိခဲ့ကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

ပိုများ

၁၉၇၉ခုနှစ်မှ ၁၉၉၀ပြည့်နှစ်အတွင်း ပေကျင်းမြို့သည် လူဦးရေမှန်မှန်တိုးခဲ့ရာ ၁၉၉၀ပြည့်နှစ်၌ ၁၀ ဒသမ ၈၆ သန်းရှိခဲ့ပြီး ၁၉၇၈ ခုနှစ်ကထက် ၂ ဒသမ ၁သန်း ပိုများခဲ့သည်။

တိုးခဲ့

၁၉၉၁ခုနှစ်မှ ၂၀၀၄ခုနှစ်ထိ ၁၄ နှစ်အတွင်း ပေကျင်းလူဦးရေသည် တစ်နှစ်ထက်တစ်နှစ် ၂၉၀၀၀၀ တိုးခဲ့ပြီး ရွှေ့ပြောင်းနေထိုင်သော သို့မဟုတ် ပေကျင်းဇာတိမဟုတ်သော လူဦးရေသည် ထိုကာလအတွင်း ၆၃ရာခိုင်နှုန်း တိုးခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်လက်နက်များနှင့် စပ်လျဉ်းသည့် အမ်-၁၆၏ ပြောဆိုချက်များ မှားယွင်းကြောင်း ဗြိတိန်ထောက်လှမ်းရေး အကြီးအကဲများဝန်ခံ

လန်ဒန် ဧပြီ ၁၆

ဆက်ဒမ်ဟူစိန်၏ အဖျက်စွမ်းအားကြီးမားသော လက်နက်များနှင့် စပ်လျဉ်း၍ မိမိတို့အခိုင်အမာ ပြောဆိုချက်များသည် မှားယွင်းကြောင်း ဗြိတိန်ထောက်လှမ်းရေးအကြီးအကဲများက ပထမဆုံးအကြိမ် ဝန်ခံလိုက်ကြသည်။

အီရတ်၏ အဖျက်စွမ်းအားကြီးမားသော လက်နက်များနှင့် စပ်လျဉ်းသည့် ထောက်လှမ်းရေးသတင်းများကို မိမိတို့ စိုးရိမ်ကြောင့်ကြခဲ့ကြကြောင်းနှင့် ယခုအခါ ထိုစိုးရိမ်ကြောင့်ကြမှုကို ရုပ်သိမ်းရမည်ဖြစ်ကြောင်း ထောက်လှမ်းရေးနှင့် လုံခြုံရေးကော်မတီက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။

အီရတ်နိုင်ငံသည် ဓာတုလက်နက်များကို ၄၅မိနစ်အတွင်း ဖြန့်ကြက်နိုင်ကြောင်း အခိုင်အမာပြောဆိုခဲ့သည့် အမ်-၁၆ ထောက်လှမ်းရေးအဖွဲ့ ပြောဆိုချက်များသည် အကြီးအကျယ် သံသယဖြစ်စရာရှိသည့်ပြင် ချွတ်ယွင်းချက်များရှိကြောင်း ဘတ္တလာစုံစမ်းရေးအဖွဲ့၏ ဖော်ပြချက်ကို ညွှန်းလျက် ကော်မတီက ပြောကြားခဲ့သည်။

ယခုသီတင်းပတ်အစောပိုင်း၌ ပါလီမန်သို့ တင်သွင်းခဲ့သည့် ကော်မတီ၏ ၂၀၀၄-၂၀၀၅ နှစ်ပတ်လည် အစီရင်ခံစာတွင် ထောက်လှမ်းရေးအကြီးအကဲများက ဝန်ခံခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးများနှင့် လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့ အမ်- ၁၆တို့ အဆက်အသွယ်မရှိခြင်းကို ကော်မတီကပြစ်တင်ပြောဆိုခဲ့သည်။ ထောက်လှမ်းရေးဆိုင်ရာ ဝန်ကြီးအဆင့် အစိုးရအဖွဲ့ကော်မတီသည် ၂၀၀၃ခုနှစ် ဒီဇင်ဘာလမှစပြီး အစည်းအဝေး လုပ်ခြင်းမရှိခဲ့ဘဲ ယခု အစည်းအဝေးသည်ပင် ခုနစ်နှစ်ကျော်ကာလအတွင်း ပထမဆုံးလုပ်သည့် အစည်းအဝေးဖြစ်သည်ဟု ကော်မတီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဝန်ဆောင်မှုကဏ္ဍများ ယှဉ်ပြိုင်မှုကို ရင်ဆိုင်ကြရန် မလေးရှား စက်မှုလုပ်ငန်းဝန်ကြီး ပြောကြား

ကွာလာလမ်ပူ ဧပြီ ၁၇

ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများက ဖော်ညွှန်းခဲ့သော ဆက်လက်ပြင်းထန်လာမည့် ယှဉ်ပြိုင်မှုများကို မလေးရှားနိုင်ငံ၏ ဝန်ဆောင်မှု ကဏ္ဍက ရင်ဆိုင်သွားကြရန် မလေးရှားနိုင်ငံတကာကုန်သွယ်မှုနှင့် စက်မှုလုပ်ငန်းဝန်ကြီး ရာဖီဒါအဇစ်က ကွာလာလမ်ပူ၌ ကျင်းပသော မလေးရှားဝန်ဆောင်မှုကဏ္ဍနှင့် ဝန်ကြီးဌာန၏ ၂၀၀၅ နှစ်ပတ်လည်ဆွေးနွေးပွဲတွင် ပြောကြားသည်။

သတိပြု

ကမ္ဘာလုံးဆိုင်ရာ လမ်းကြောင်းများသည် ဝန်ဆောင်မှုကဏ္ဍ လွတ်လပ်မှုဆီသို့ ဦးတည်ရွေ့လျားနေသည်ဖြစ်ရာ ဝန်ဆောင်မှုကဏ္ဍလုပ်ငန်းစဉ်နှင့် ယှဉ်ပြိုင်မှု အကျိုးဆက်ကို ပြည်တွင်းဝန်ဆောင်မှုလုပ်ငန်းများက သတိပြုဆောင်ရွက်ကြရမည်မှာ သဘာဝပင်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

မလေးရှားနိုင်ငံသည်ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလ၌ ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)ညှိနှိုင်းဆွေးနွေးပွဲများတွင် ဝန်ဆောင်မှုကဏ္ဍ လွတ်လပ်မှုရှိစေရန် ကနဦး ကမ်းလှမ်းပြောကြားခဲ့သည်။

ဝန်ဆောင်မှုကဏ္ဍများသည် ဗိသုကာ တည်ဆောက်မှုအပြင် လုပ်ငန်း ဆက်နွယ်မှုရှိသောအင်ဂျင်နီယာ၊ ကွန်ပျူတာ၊ ကြေးနန်းဆက်သွယ်မှု၊ ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးဝန်ဆောင်မှုတို့ ဖြစ်ကြသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

အိန္ဒိယနိုင်ငံ၏ ပုဂ္ဂလိက ဂျက်အဲယားဝေးလေကြောင်းလိုင်း မွမ်ဘိုင်း-စင်ကာပူ လေကြောင်းခရီးစဉ်ပထမဆုံးပျံသန်း

စင်ကာပူ ဧပြီ ၁၇

အိန္ဒိယနိုင်ငံ၏ပုဂ္ဂလိကလေကြောင်းဖြစ်သော ဂျက်အဲယားဝေးသည် မွမ်ဘိုင်း-စင်ကာပူ ပထမဆုံး လေကြောင်းခရီးစဉ်ကို စတင်ပျံသန်းရာတွင် သောကြာနေ့၌ စင်ကာပူတွင် ဆင်းသက်ခဲ့သည်။

ဖော်ပြထား

စင်ကာပူနိုင်ငံသည် အရှေ့တောင်အာရှတွင် ဂျက်အဲယားဝေး၏ ပထမဆုံးပျံသန်းသော နိုင်ငံဖြစ်ပြီး အာရှ၌ တတိယပျံသန်းသော နိုင်ငံဖြစ်ကြောင်း၊ သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့နှင့် နီပေါနိုင်ငံ၏ ခတ္တမန္ဒူမြို့များသို့ ပျံသန်းခဲ့ပြီးနောက် စင်ကာပူသို့ ပျံသန်းခြင်းဖြစ်ကြောင်း စင်ကာပူ မြို့ပြလေကြောင်းအာဏာပိုင်အဖွဲ့က ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ခရီးစဉ်

မွမ်ဘိုင်း-စင်ကာပူ လေကြောင်းခရီးစဉ် ၁၄ခုကို ဂျက်အဲယားဝေးက နောက်ထပ်ပျံသန်းလိုက်ခြင်းဖြင့် စင်ကာပူနှင့် အိန္ဒိယမြို့ကြီး ၁၁မြို့ကြား စုစုပေါင်း အပတ်စဉ် ခရီးသည်တင် လေယာဉ်ပျံသန်းမှုခရီးစဉ် ၂၁၈ခုရှိမည်ဖြစ်သည်။

ပြောကြား

နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းများနှင့် ကမ္ဘာလှည့်ခရီးသွား ကမ်းလှမ်းချက်များကို တိုးမြှင့်အောင် လုပ်ဆောင်ရာတွင် အသစ်ဖြစ်ထွန်းလာသော စီးပွားရေးလုပ်ငန်း အခွင့်အလမ်းတစ်ရပ်၏ အစိတ်အပိုင်းဖြစ်မည်ဟုမျှော်လင့်ကြောင်း ဂျက်အဲယားဝေးလုပ်ငန်း ဆောင်ရွက်မှု အရာရှိချုပ် ပီတာလူသီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

စာမျက်နှာ ၃ မှ

ကျောက်ဖြူလမ်း၏ မအီ–ကျောက်ဖြူလမ်းအပိုင်းမှ ရမ်းဗြဲမြို့နယ်ရှိ သံသမချေတံတား တည်ဆောက်ရေး စီမံကိန်းသို့ ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြသည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် သံသမချေ တံတားတည်ဆောက်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ရေးဦးစွာတည်ဆောက်ဆဲ သံသမချေတံတားကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက မအီ–ကျောက်ဖြူလမ်းပိုင်း ရမ်းဗြဲမြို့နယ်ရှိ တည်ဆောက်ဆဲ သံသမချေတံတား၊ ရမ်းဗြဲမြို့နယ်ရှိ တည်ဆောက်ဆဲ သဇင်တန်ပေါက်တံတားနှင့်ကျောက်ဖြူမြို့နယ်ရှိ တည်ဆောက်ဆဲ ဝန်ဖိုက်တံတားတို့နှင့် စပ်လျဉ်း၍ စီမံကိန်းချမှတ်ခဲ့မှု၊ တံတားအကြောင်း ရှာဖွေမှုနှင့် တံတားတည်ဆောက်မှုဆိုင်ရာ အချက်အလက်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်တို့က မအီ–ကျောက်ဖြူလမ်းနှင့် သံသမချေတံတား၊ သဇင်တန်ပေါက်တံတားနှင့် ဝန်ဖိုက်တံတားတို့နှင့် စပ်လျဉ်း၍ ဖြည့်စွက်တင်ပြကြသည်။

အရှည်ခိုင်ခံ့အောင်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီးနောက် မိမိတို့အနေဖြင့် အခြေအနေ အချိန်အခါနှင့် ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု အလားအလာများ၊ လိုအပ်ချက်များအလိုက် ဒေသ၏ ရေမြေသဘာဝ ပထဝီအနေအထားကို ကြည့်ပြီး တံတားကြီးငယ် အမျိုးအစားအမျိုးမျိုးကို တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ခဲ့ရာ အတွေ့အကြုံများစွာ ရရှိခဲ့ပြီဖြစ်သည်နှင့်အညီ ယခုတည်ဆောက်နေသည့် တံတားများကိုလည်း ရေမြေသဘာဝနှင့် လိုက်လျောညီထွေစွာ အရှည်ခိုင်ခံ့အောင် ကြိုးစားတည်ဆောက်ကြရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် သံသမချေတံတားနှင့် သဇင်တန်ပေါက်တံတားကြားရှိ မအီ–ကျောက်ဖြူလမ်းပိုင်းကိုလည်းကောင်း၊တည်ဆောက်ဆဲ သဇင်တန်ပေါက်တံတားကို လည်းကောင်း မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

လိုအပ်သည်များမှာကြား

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် တည်ဆောက်ဆဲ ဝန်ဖိုက်တံတားစီမံကိန်းသို့ ရောက်ရှိကြပြီး တံတားကို ကြည့်ရှုစစ်ဆေးကာ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဝန်ဖိုက်တံတားတည်ဆောက်ရေးစီမံကိန်းမှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာလာရာ မွန်းလွဲ၂နာရီခွဲတွင် သံတွဲမြို့သို့ ရောက်ရှိသည်။

လှည့်လည်ကြည့်ရှု

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဧပြီ ၁၇ ရက် နံနက် ၇ နာရီ ၁၅ မိနစ်တွင် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းက တာဝန်ယူဆောင်ရွက်နေသည့် သံတွဲမြို့နယ်ရှိ ညောင်ပင်ကွင်း ဆီအုန်းခြံသို့ ရောက် ရှိပြီး ဆီအုန်းခြံ ၄၄ ဧက၌ ဆီအုန်းပင် ၂၁၉ ပင် စိုက်ပျိုးထားရှိမှုအခြေအနေ၊ ဆီသီးခြွေစက်၊ ပေါင်းခံစက်နှင့် ဆီညှစ်စက်များ၏ အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးအား ဆီအုန်းခြံ ရှင်းလင်းခန်းမ၌ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း အထွေထွေမန်နေဂျာ ဦးတင်မောင်ဝင်းက ခြံ၏ လက်ရှိ အခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီသည် ဧပြီ ၁၆ ရက် မွန်းလွဲပိုင်းတွင် သံတွဲမြို့ရှိ သပြုချိုင် သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲနှင့် သံတွဲမြို့ စက်သုံးဆီ အရောင်းဆိုင်အမှတ်(၀၄၆၃)တို့သို့ သွားရောက်၍ စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ဆက်ဆံရေး ကောင်းမွန်ရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးတို့ကို မှာကြားသည်။

ကုန်ချောထုတ်လုပ်နေမှု

အလားတူ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် ဧပြီ ၁၆ ရက်တွင် သံတွဲမြို့ရှိ သပြုချိုင်ဆိပ်ခံတံတားရှိ ဝန်ကြီးဌာနပိုင် ရေခဲစက်ကိုလည်းကောင်း၊ စည်သွတ်ဘူးစက်ရုံ၏ လုပ်ငန်းများ လည်ပတ်နေမှုကို လည်းကောင်း၊ သံတွဲမရိမ်းပရောဒတ်ကုမ္ပဏီ၏ အအေးခန်းစက်ရုံ လည်ပတ်နေမှုနှင့် ကုန်ချောထုတ်လုပ်နေမှုတို့ကို လည်းကောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဘဏ်(သံတွဲ)ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးနှင့်ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဗဟိုအလုပ်အမှုဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေတို့သည် ဧပြီ ၁၇ ရက် နံနက်၁၀နာရီတွင် သံတွဲမြို့ရှိ သံတွဲခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့သွားရောက်၍ သံတွဲခရိုင်နှင့် သံတွဲမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေးကြသည်။

ရှေးဦးစွာ သံတွဲခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမြင့်ဦးက ခရိုင်အသင်း၏ အင်အား၊ စည်းရုံးရေးအခြေအနေ၊ သင်တန်းများ ဖွင့်လှစ်နိုင်မှု အခြေအနေများကိုတင်ပြပြီး ဗဟိုအလုပ်အမှုဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက နိုင်ငံတော်အကြီးအကဲက ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အသင်း၏စည်းရုံးရေး အခြေအနေများကို မှာကြားသည်။

ဝိုင်းဝန်းကူညီ

ထို့နောက် ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားဆောင်ရွက်ရေး၊ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

အလားတူ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဧပြီ ၁၇ ရက်တွင် သံတွဲမြို့၌ မြန်မာ့လေကြောင်းမှ ဝန်ထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားပြီး လေယာဉ်ကွင်းပြေးလမ်းနှင့် လေဆိပ်အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့အတူ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းသည် ဧပြီ ၁၆ ရက်တွင် သံတွဲမြို့ရှိ အစိုးရ စက်မှုလက်မှုသိပ္ပံသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး သံတွဲမြို့နယ် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနသို့သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံကာ လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

ထို့နောက် ဝန်ကြီး ဦးသောင်းသည် သံတွဲမြို့ရှိ လူမှုဖူလုံရေးအဖွဲ့ဆေးခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း အမ်းမြို့ ပြည်သူ့ဆေးရုံ ခုတင်(၁၀၀)ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပေါင်းလောင်းအသင်း(ရန်ကုန်)မှ ကြီးမှူး၍ နိုင်ငံတော်မှ ချီးမြှင့်ပေးအပ်သော သီဟသုဓမ္မမဏိဇောတရေဘွဲ့တံဆိပ်ရ ဦးဆန်းလွင်အား ထပ်ဆင့်ဂုဏ်ပြုပွဲကို မတ် ၂၅ ရက်က ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ် ခန်းမ၌ ကျင်းပရာ ပေါင်းလောင်းအသင်းဥက္ကဋ္ဌ ဦးကျင်တီက ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။ (က–ပ)

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး ပြည်သူများစိတ်ချမ်းမြေ့စွာ ငွေသွင်းငွေထုတ်နိုင်ရေး ဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဧပြီ ၁၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့မွန်းလွဲ၂နာရီတွင် ဆူးလေဘုရားလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၃)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းနှင့် ဘဏ်ခွဲ(၃)တာဝန်ခံ လက်ထောက်အထွေထွေမန်နေဂျာ ဦးတင်ဇော်လေးတို့က ဘဏ်ခွဲ(၃) စာရင်းဌာန၊ ငွေကြေးဌာန၊ ငွေလွှဲဌာနနှင့် ငွေလက်ခံကောင်တာများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဘဏ်လုပ်ငန်းများ လျင်မြန်သွက်လက်စွာ ဆောင်ရွက်ရေး၊ ပြည်သူများစိတ်လက်ချမ်းမြေ့စွာ ငွေသွင်း၊ ငွေထုတ်ပြုလုပ်နိုင်ရေး၊ ဘဏ်အား သန့်ရှင်းသပ်ရပ် သာယာလှပစေရေး စသည်များကို အသေးစိတ် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) စီမံခန့်ခွဲရေးဌာန၊ စာရင်းဌာန၊ ပင်စင်ဌာန၊ ဝန်ထမ်းရေးရာဌာန၊ မှုခင်းဌာနများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းနှင့် ဒုတိယအထွေထွေမန်နေဂျာ ဦးလှမြင့်အောင်တို့က လိုက်လံရှင်းလင်းပြသပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကမ်းနားလမ်းနှင့်ရွှေတိဂုံဘုရားလမ်းထောင့်ရှိ မြန်မာ့စီးပွားရေးဘဏ် ငွေစုဘဏ်ခွဲ(၂)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ငွေစုဘဏ်ခွဲ(၂)တာဝန်ခံမန်နေဂျာ ဒေါ်ဇန်ကျင့်ကျိန်က ကာကွယ်ရေးဝန်ကြီးဌာန ငွေစာရင်းရုံးမှရောက်ရှိလာသော အငြိမ်းစား လစာများစာရင်း၊ ငွေစုလက်မှတ်ဌာနစိတ်၊ ရုံးခွဲလယ်ဂျာနှင့် အထွေထွေ စီမံရေးဌာနတို့ကို လိုက်လံရှင်းလင်းပြသတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လသာလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ဘဏ်ခွဲ(၅)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဘဏ်ခွဲတာဝန်ခံမန်နေဂျာ ဦးသန်းထွန်းစိုးက ငွေလွှဲလက်မှတ်ဌာန၊ စီမံခန့်ခွဲရေးဌာန၊ စာရင်းဌာန၊ ချေးငွေဌာန၊ ငွေကြေးဌာနတို့၏ လုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သန်လျင်ဆုထူးပန်ဓမ္မရိပ်သာ ငွေပဒေသာပင် ၃၅သိန်းလှူဒါန်း

ရန်ကုန် ဧပြီ ၁၈

သန်လျင်မြို့ အောင်ချမ်းသာ(၃)ရပ်ကွက် ဆုထူးပန်ဓမ္မရိပ်သာကျောင်းတိုက် အတုလဂုဏ်ရည်သိမ်ကျောင်းဓမ္မာရုံအပေါ်ထပ်တွင် ယင်းကျောင်းတိုက်အတွက် ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဧပြီ ၁၇ ရက်က ကျင်းပရာ ဆုထူးပန်ကျောင်းတိုက်များ၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ သလ္လာအရှင်ပဏ္ဍိတ၊ အစိုးရကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကဝိန္ဒ(ရဝေစိုး) နှင့် သံဃာတော်များ ကြွရောက်တော်မူကြပြီး ဦးတင်ဆောင်–ဒေါ်တင်တင်မြင့်၊ မခင်ရွှေ၊ မမြမြမိုင်၊ ဒေါ်ခင်နွဲ့ရီ၊ ဦးနီ–ဒေါ်စောမြင့်၊ ဒေါ်အေးကြည်၊ ဦးမောင်မောင်–ဒေါ်လှလှတင့်၊ ဦးယုံကြည်–ဒေါ်ခင်ကြည်၊ ဦးစိုးမောင်–ဒေါ်ထွေးစိန် သမီး မကေသွယ်ဦး မိသားစုတို့က ထာဝရငွေပဒေသာပင် ငွေကျပ် ၃၅ သိန်းကို လှူဒါန်းရာ ရေစက်သွန်းချ အမျှပေးဝေကြောင်း သိရသည်။ **(က–ပ)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်တည်းဟူသော အိမ်ထောင်စုကြီးအတွင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ဘေးစဉ်ဘောင်ဆက်၊ ဆွေစဉ်မျိုးဆက် မှီတင်းပေါက်ဖွားလာခဲ့ကြသည့် မိသားစုဝင်သွေးချင်းသားရင်းများဖြစ် ပိမွေဘမွေဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲစေရအောင် အမွေဆက်ခံရပ်တည်နေကြသည့်ပြည်ထောင်စုဖွားတိုင်းရင်းသားတိုင်း၏ အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၅ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်တွင် ပါဝင်ဆင်နွှဲခဲ့ကြ သော နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှု အဖွဲ့ဝင်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဧပြီ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ၎င်း၏ဖိတ်ကြားချက်အရ ၂၀၀၅ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်တွင် ပါဝင်ဆင်နွှဲခဲ့ကြသော နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူယဉ်ကျေးမှုအဖွဲ့ဝင်များဖြစ်ကြသည့် ကချင်ပြည်နယ် ဆဒုံးကန် ပိုက်တီးဒေသမှ ကချင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ကယားပြည်နယ် မယ်စဲ့ဒေသမှ ကယားတိုင်းရင်းသား တိုင်းရင်းသူများ၊ ကရင်ပြည်နယ် သံတောင်ဒေသမှ ကရင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ချင်းပြည်နယ် ထန်တလန် လုံလဲရ်ဒေသမှ ချင်းတိုင်းရင်းသား တိုင်းရင်းသူများ၊ စစ်ကိုင်းတိုင်း လေရှီးပန်ဆပ်ဒေသမှ နာဂတိုင်းရင်းသား တိုင်းရင်းသူများ၊ မွန်ပြည်နယ် ခေါဇာဒေသမှ မွန်တိုင်းရင်းသား တိုင်းရင်းသူများ၊ ရခိုင်ပြည်နယ် မာန်အောင်ဒေသမှ ရခိုင်တိုင်းရင်းသား တိုင်းရင်းသူများ၊ရှမ်းပြည်နယ် (မြောက်ပိုင်း)ဝိန်းကောင်ဒေသမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ရှမ်းပြည်နယ်(မြောက်ပိုင်း)မန်တုံဒေသမှ ပလောင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မိုင်းယန်းဒေသမှ ရှမ်းတိုင်းရင်းသားတိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံဒေသမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ တနင်္သာရီတိုင်း ဘုတ်ပြင်းဒေသမှ မွန်တိုင်းရင်းသား တိုင်းရင်းသူများပါဝင်သည့်နယ်စပ်ဒေသတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ကချင်ပြည်နယ် ပူတာအို၊ ဒေါ့ဖုန်းယန်၊ ဒွန်ဘန်ဒေသနှင့် စစ်ကိုင်းတိုင်း လေရှီး၊လဟယ်၊ နန်းယွန်းဒေသများရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများမှ သင်တန်းသူများအား ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ မြရိပ်ညိုရွှင်ရယ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယ ဝန်ကြီးများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နယ်စပ်ဒေသများမှ တိုင်းရင်းသားတိုင်းရင်းသူယဉ်ကျေးမှု အဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ည ၇ နာရီတွင် ဂုဏ်ပြုညစာ တည်ခင်းဧည့်ခံသည့် မြရိပ်ညိုရွှင်ရယ်ဟိုတယ်သို့ ရောက်ရှိလာပြီး နယ်စပ်ဒေသ အသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာ၌ ၂၀၀၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲ ဆင်နွှဲရန် ရန်ကုန်မြို့သို့ လာရောက်ကြသည့် နယ်စပ်ဒေသ အသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ညီအစ်ကိုမောင်နှမများကို ဂုဏ်ပြုသည့် အနေဖြင့် ယခုကဲ့သို့ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပေးခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ တစ်နံတစ်လျား၌ နေထိုင်ကြသည့် တိုင်းရင်းသား ညီအစ်ကို မောင်နှမများ ယခုကဲ့သို့ တစ်နေရာတည်းတွင် တစုတဝေးတည်း ဆုံစည်းပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အတူတကွ ပျော်ရွှင်စွာဆင်နွှဲနိုင်ရန်အတွက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီက စီစဉ်ဆောင်ရွက်ပေးခဲ့သည်မှာ ယခုဆိုလျှင် (၁၃) နှစ်မြောက် ရှိပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးသည် ပြည်ထောင်စုကြီး တစ်ရပ်လုံးနှင့် သက်ဆိုင်သည့် ရိုးရာယဉ်ကျေးမှု ပွဲတော်တစ်ရပ်ဖြစ်ကြောင်း၊ ပြည်ထောင်စုကြီး၏ ရိုးရာယဉ်ကျေးမှုပွဲတော် ဖြစ်သည်နှင့်အညီ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံး အတူတကွ ပါဝင်ဆင်နွှဲနိုင်အောင် နှစ်စဉ် စီစဉ်ပေးနေခြင်းပင်ဖြစ်ကြောင်း။

နယ်စပ်ဒေသအသီးသီးက တိုင်းရင်းသား တိုင်းရင်းသူ ညီအစ်ကိုမောင်နှမများ ယခုကဲ့သို့ ရန်ကုန်မြို့တော်ကြီး၌ စုစုဝေးဝေး ပျော်ရွှင်စွာ ဆုံစည်းကြပြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကြီးကို ရင်းနှီးချစ်ကြည်စွာ စုပေါင်းဆင်နွှဲကြသည်ကို တွေ့မြင်ရသည့်အတွက် များစွာဝမ်းမြောက်ကြည်နူးဖြစ်ရကြောင်း။

ပြည်ထောင်စုကြီးအတွင်း နေရာဒေသအသီးသီးတွင် ပျံ့နှံ့နေထိုင်လျက်ရှိကြသည့် သွေးချင်းသားရင်း ညီအစ်ကိုမောင်နှမများ ဆုံတွေ့ကြရခြင်းဖြစ်သည့်အတွက် ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံလှသော အချိန်အခါသမယလည်းဖြစ်ကြောင်း။

ကြည်နူးဖွယ်မြင်တွေ့ရ

ယခုကဲ့သို့ မဟာသင်္ကြန်ကာလ အတွင်း သွေးချင်းသားရင်းညီအစ်ကို မောင်နှမများအတူတကွ ပေါင်းစည်း နေထိုင်သွားလာလှုပ်ရှားနေကြသည်ကို တွေ့မြင်ရခြင်းသည် ပြည်ထောင်စုကြီး အတွင်း နေရာဒေသအနှံ့ ပျံ့နှံ့နေထိုင်ကြသော်လည်း စိတ်ထားချင်းတူညီကြသည်ကို ပေါ်လွင်ထင်ရှားစေသကဲ့သို့ တူညီဝတ်စုံများ ဆင်မြန်းပြီး ကကြိုးညီညာ ပျော်ရွှင်စွာ ကခုန်နေကြသည့်မြင်ကွင်းမှာလည်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အားလုံးတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူ၍ ခွဲခြားမရနိုင်ဘဲ တူညီဝတ်စုံများအောက်၌ တစ်သွေးတည်း တစ်သားတည်း တူညီနေသည်ကို ကြည်နူးဖွယ်မြင်တွေ့ရကြောင်း။

တိုင်းရင်းသားလူမျိုးစုများ ပေါင်းစည်းယှက်နွယ် မှီတင်းနေထိုင်လျက်ရှိကြပြီး ပြည်နယ်နှင့် တိုင်း ၁၄ခုဖြင့် ဖွဲ့စည်းတည်ထောင်လာခဲ့သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် နေ့ချင်းညချင်း ပေါ်ပေါက်လာခြင်း မဟုတ်ဘဲ နှစ်ပေါင်းများစွာ ရှည်လျားသည့်သမိုင်းစဉ်တစ်လျှောက် ဘိုးဘေးဘီဘင် အစဉ်အဆက်ကာလကတည်းက တိုင်းရင်းသားညီအစ်ကိုမောင်နှမ သွေးသားရင်းများ တစ်စိတ်တစ်ဝမ်းတည်း ပေါင်းစည်းချစ်ကြည်စွာ နေထိုင်လာခဲ့ရင်းက ဖွဲ့စည်းဖြစ်တည်ပေါ်ထွန်းလာခဲ့ခြင်းဖြစ်၍ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးသည်လည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်တည်းဟူသော အိမ်ထောင်စုကြီး အတွင်း ဘေးစဉ်ဘောင်ဆက်၊ ဆွေစဉ်မျိုးဆက် မှီတင်းပေါက်ဖွားလာခဲ့ကြသည့် မိသားစုဝင် သွေးချင်းသားရင်းများပင်ဖြစ်ကြကြောင်း။

အမွေဆက်ခံရပ်တည်

ယခုကဲ့သို့ဘေးဘိုးစဉ်ဆက် ဥမကွဲ သိုက်မပျက် အေးအတူပူအမျှ ပေါင်းစည်းနေထိုင်လာခဲ့ကြသည့် စည်းလုံးညီညွတ်မှု အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရင်း မိမွေဘမွေဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရအောင် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် တာဝန်သည် ယနေ့ အမွေဆက်ခံရပ်တည်နေကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားတိုင်းအတွက် အမျိုးသားရေးတာဝန် တစ်ရပ်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း တိုင်းရင်းသား လူမျိုးများအားလုံး အပေါ်၌ သာစေ၊ နာစေဟူ၍မရှိစေဘဲ မိဘက သားသမီးအပေါ်ထားရှိသည့် ဖြူစင်မေတ္တာ စေတနာသဘောထားဖြင့် တိုင်းရင်းသား လူမျိုးများအားလုံး ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်လာစေရန် စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကြိုးပမ်းဆောင်ရွက်

မိမိတို့ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ချစ်ကြည်ရင်းနှီး နေသရွေ့ကာလပတ်လုံး ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲမည်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခိုင်အမာ တည်ဆောက်ပွားများနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေးကို ဦးစားပေးကြိုးပမ်းဆောင်ရွက်ခဲ့ခြင်း ကြောင့် ယခုအခါတွင် နယ်စပ်ဒေသ များ တည်ငြိမ်အေးချမ်းလာခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက နယ်စပ်ဒေသ များ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံများ ကို စနစ်တကျ စီမံချမှတ်အားပေး ဆောင်ရွက်လာခဲ့ရာ ယခုဆိုလျှင် နယ်စပ်ဒေသများ၌ လမ်းပန်းဆက် သွယ်ရေး တိုးတက်ကောင်းမွန်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းများ ဟန်ချက်ညီ တိုးတက်မြင့်မားလာကာ နယ်စပ် မြို့ကြီးပြကြီးများ ပေါ်ထွန်းနေပြီ ဖြစ်သည်ကို မြင်တွေ့နေကြရပြီ ဖြစ်ကြောင်း။

ယခုကဲ့သို့ နယ်စပ်ဒေသအသီးသီး မှ တိုင်းရင်းသားတိုင်းရင်းသူ ညီအစ်ကို မောင်နှမများရန်ကုန်မြို့တော် မြန်မာ့ ရိုးရာ မဟာသင်္ကြန်ပွဲတော်၌ ပါဝင် ဆင်နွှဲရင်း နိုင်ငံတော်၏ တိုးတက်ဖြစ် ထွန်းနေမှုများ လေ့လာနိုင်အောင်နှင့် တန်ခိုးကြီးဘုရားများ ဖူးမြော်နိုင် အောင် တစ်ပေါင်းတည်း စီစဉ်ပေး ခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းရင်းသား ယဉ် ကျေးမှု ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်နေမှုများ ကို မျက်မြင်ကိုယ်တွေ့ လေ့လာသိရှိ ပြီးဖြစ်သောကြောင့် မိမိတို့ဒေသ ပြန်လည်ရောက်ရှိကြသည့်အခါ မိမိ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ အားတက်သရော ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် မှာကြားလို ကြောင်း။

အကောင်အထည်ဖော်

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ကမ္ဘာတည်သရွေ့ ပြည်ထောင်စုကြီး မပျက်မယွင်း၊ မပြိုမကွဲ ခိုင်မြဲစေရန် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုး များအကြား သမိုင်းအစဉ်အဆက်ဖြစ် ထွန်းတည်ရှိလာခဲ့သည့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စု ကြီး၏ မိသားစုဘဝ အနှစ်သာရကို အစဉ်ထာဝရ တည်တံ့ခိုင်မြဲစေရန် ရေရှည်အာမခံနိုင်မည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၅ ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်တွင် ပါဝင်ဆင်နွှဲခဲ့ကြသော နယ်စပ်ဒေသ အသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှု အဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။

(သတင်းစဉ်)

စာမျက်နှာ ၆ မှ

တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များကလည်း ယနေ့ ပြည်ထောင်စုကြီးအတွင်း ဖြစ်ထွန်းနေပြီဖြစ်သည့် ငြိမ်းချမ်းသာယာမှု၊ ပေါင်းစည်းညီညွတ်မှု၊ ဖွံ့ဖြိုးဝေစည်မှု အမွန်အမြတ်တရားများ ဆက်လက်တိုးပွားခိုင်ခံ့စေရေးနှင့် ပြည်ထောင်စုကြီးထာဝရ တည်တံ့ခိုင်မြဲစေရေးတို့အတွက် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်အရင်းခံပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်ဖြစ်ထွန်းစေရန် ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

တက်ညီလက်ညီပူးပေါင်း

နိဂုံးချုပ်အနေဖြင့် တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုကိုယ်စားလှယ်များအဖြစ်၊ နိုင်ငံတော်၏ စည်းရုံးရေးမှူးများအဖြစ် မိမိတို့ဒေသအတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုတိုးပွားခိုင်မာအောင်၊ ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားပြန့်ပွားအောင်ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့်ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန်နှင့် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူပြီး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားရင်း နိဂုံးချုပ်လိုက်ကြောင်း ပြောကြားသည်။

လက်ဆောင်ပေးအပ်ချီးမြှင့်

ယင်းနောက်နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကချင်ပြည်နယ်ဆဒုံးကန်ပိုက်တီးဒေသမှ ကချင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ကယားပြည်နယ် မယ်စဲ့ဒေသမှ ကယားတိုင်းရင်းသား တိုင်းရင်းသူများ၊ ကရင်ပြည်နယ် သံတောင်ဒေသမှ ကရင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ချင်းပြည်နယ် ထန်တလန် လုံလဲရ်ဒေသမှ ချင်းတိုင်းရင်းသား တိုင်းရင်းသူများ၊ စစ်ကိုင်းတိုင်း လေရှီး၊ ပန်ဆပ်ဒေသမှ နာဂတိုင်းရင်းသား တိုင်းရင်းသူများ၊ မွန်ပြည်နယ် ခေါဇာဒေသမှ မွန်တိုင်းရင်းသား တိုင်းရင်းသူများ၊ ရခိုင်ပြည်နယ် မာန်အောင်ဒေသမှ ရခိုင်တိုင်းရင်းသား တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဝိန်းကောင်ဒေသမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်တုံဒေသမှ ပလောင်တိုင်းရင်းသားတိုင်းရင်းသူများ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းဒေသမှ ရှမ်းတိုင်းရင်းသား တိုင်းရင်းသူများ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံဒေသမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ တနင်္သာရီတိုင်းဘုတ်ပြင်းဒေသမှ မွန်တိုင်းရင်းသား တိုင်းရင်းသူများ ပါဝင်သည့်နယ်စပ်ဒေသတိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက နယ်စပ်ဒေသအသီးသီးမှတိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ ၁၄ဖွဲ့အား တစ်ဖွဲ့လျှင် ငွေကျပ် တစ်သိန်းစီဖြင့် ဂုဏ်ပြုဆုငွေကျပ် ၁၄သိန်းကို ပေးအပ်ချီးမြှင့်ရာနယ်စပ်ဒေသအသီးသီးမှတိုင်းရင်းသား တိုင်းရင်းသူယဉ်ကျေးမှုအဖွဲ့ဝင်များကိုယ်စား ကရင်ပြည်နယ်သံတောင်ဒေသမှ ကရင်တိုင်းရင်းသား တိုင်းရင်းသူများက လက်ခံယူကြသည်။

ယင်းနောက်နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားတိုင်းရင်းသူယဉ်ကျေးမှုအဖွဲ့ဝင်များကိုယ်စား ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းယန်းဒေသမှ ရှမ်းတိုင်းရင်းသူနန်းမာမာဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် ယခုကဲ့သို့ ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော်တွင် လာရောက်ဆင်နွှဲကြသည့် မိမိတို့နယ်စပ်ဒေသ ယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုညှော်ခံသည့် ညစာစားပွဲသို့တက်ရောက်လာကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး၏ကိုယ်စား ကျေးဇူးတင်စကားပြောကြားခွင့်ရသည့်အတွက်အထူးပင်လှိုက်လှဲဝမ်းသာ ဂုဏ်ယူမိပါကြောင်း။

နွေးထွေးစွာကြိုဆို

၂၀၀၅ခုနှစ် ရန်ကုန်မြို့တော်မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို မိမိတို့ဝင်ရောက်ဆင်နွှဲခွင့်ရမည်ဟုသိခဲ့ရသည့်အချိန်ကစပြီး အထူးဝမ်းသာပျော်ရွှင်ခဲ့ရပါကြောင်း၊ သမီးတို့ ရန်ကုန်မြို့ကို ရောက်ရှိလာသည့်အခါတွင်လည်း တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုခဲ့ကြပြီး နေရေးထိုင်ရေး၊ စားရေးသောက်ရေး၊ ကျန်းမာရေး၊ သွားရေးလာရေးကအစ အဘက်ဘက်က လိုလေသေးမရှိအောင် မိဘသဖွယ်ကူညီစောင့်ရှောက်ပေးခဲ့၍လည်း အံ့ဩဝမ်းသာဖြစ်ခဲ့ရပါကြောင်း။

ရန်ကုန်မြို့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် အခြားသော တန်ခိုးကြီးဘုရားများ ဖူးမြော်ခွင့်ရအောင် စီစဉ်ပေးခဲ့သည့်အတွက် လည်းကောင်း၊ ရန်ကုန်မြို့နှင့် ပတ်ဝန်းကျင် သွားရောက်လေ့လာခွင့်ရအောင် စီစဉ်ပေးခဲ့သည့်အတွက်လည်းကောင်း တာဝန်ရှိသူများအားလုံးကို အထူးပင်ကျေးဇူးတင်ပါကြောင်း။

ယခုကဲ့သို့စီစဉ်ပေးခဲ့သည့်အတွက် မိမိတို့သည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင်သိမြင်လေ့လာခွင့်ရရှိခဲ့ပါကြောင်း၊ မိမိတို့၏ နယ်စပ်ဒေသများသည် ယခင်ခေတ်အဆက်ဆက်က လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပြီး စီးပွားရေးဖွံ့ဖြိုးမှုများနောက်ကျကျန်ရစ်ကာ လူမှုဘဝပြည့်စုံမှု မရှိခြင်းများနှင့် ခါးသီးစွာကြုံတွေ့ခဲ့ရပါကြောင်း။

မျှဝေခံစား

ယခုအခါ နိုင်ငံတော်အစိုးရ၏ စေတနာကြောင့် မိမိတို့နယ်စပ်ဒေသများသည် လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားရေးအခြေခံအဆောက်အအုံများကောင်းမွန်လာပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ခေတ်မီဆက်သွယ်ရေး၊ စက်မှုလက်မှုကဏ္ဍ၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းစသည့် စီးပွားရေးဘဝများ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါကြောင်း၊ယနေ့နယ်စပ်ဒေသများသည် မြို့ကြီးပြကြီးများနှင့်မခြား တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်လာခဲ့ကြပြီး နယ်စပ်ဒေသနေ မိမိတို့တိုင်းရင်းသား တိုင်းရင်းသူ ညီအစ်ကို မောင်နှမအားလုံးသည် ငြိမ်းချမ်းခြင်း၏အသီးအပွင့် အခက်အလက်များကို မျှဝေခံစားနေကြရပြီဖြစ်ပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်နိမိတ်အတွင်းမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပျံ့နှံ့နေထိုင်လျက်ရှိကြသကဲ့သို့ ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းတစ်ခုစီတွင်လည်း တိုင်းရင်းသားလူမျိုးများ အတူတကွ ရင်းနှီးချစ်ကြည်စွာ ပေါင်းစည်းနေထိုင်လျက်ရှိကြသည့် ပြည်ထောင်စုငယ်လေးများသဖွယ်ဖြစ်တည်နေကြကြောင်း၊ ယခုလို တစ်ဦးနှင့်တစ်ဦး ပေါင်းစည်း ယှက်နွယ်နေထိုင်ကြပြီး ခွဲခြားရင် မရသည့် အခြေအနေတွင် တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး ရှိကြရန် လိုအပ်ကြောင်း မိမိတို့အားလုံး အလေးအနက် ခံယူထားပါကြောင်း။

တန်ဖိုးမဖြတ်နိုင်ရလဒ်

မဟာသင်္ကြန် ပွဲတော်ကြီးကို အကြောင်းပြုပြီး ဝေးလံသည့် နယ်စပ်ဒေသအသီးသီးက မိမိတို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတစ်တွေ လာရောက်ဆုံတွေ့ခွင့် ရရှိခဲ့ကြပါကြောင်း၊ အတူနေ၊ အတူစား၊ အတူသွား၊ အတူလာ၊ အတူကကြပြီး သူ့အကြောင်း၊ ကိုယ့်အကြောင်း၊ သူ့ဓလေ့၊ ကိုယ့်ဓလေ့ မေးကြ၊ မြန်းကြ၊ ပြောကြနှင့် မမောနိုင်အောင် ရှိကြရပါကြောင်း၊ ယခုကဲ့သို့ ဒေသန္တရ ဗဟုသုတနှင့် ရင်းနှီးချစ်ခင်မှုတွေ ရရှိခဲ့ခြင်းသည် မိမိတို့အတွက်ရော နိုင်ငံတော်အတွက်ပါ တန်ဖိုးမဖြတ်နိုင်သည့် ရလဒ်တစ်ခုပင်ဖြစ်ကြောင်း။

ယခုကဲ့သို့ လေ့လာတွေ့ရှိခဲ့ရသည့် အတွေ့အကြုံ ဗဟုသုတများကို အသုံးချပြီး ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်ဒေသ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကျရာကဏ္ဍမှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားကြပါမည်ဟု တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ကိုယ်စား ခိုင်ခိုင်မာမာ ကတိပြုပြောကြားအပ်ပါကြောင်း။

ယခုနှစ်မဟာသင်္ကြန်ပွဲတွင် အတူတကွ တွေ့ဆုံခင်မင်ရင်းနှီးခဲ့ကြရသည့် တိုင်းရင်းသား ညီအစ်ကို မောင်နှမများသည် ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်ဒေသ ပြန်သွားကြ၍ မည်မျှ အလှမ်းကွာဝေးပါစေ၊ ခင်မင်ရင်းနှီးမှု သံယောဇဉ်ကြီးမားနေကြပြီမို့ တစ်ယောက်နှင့်တစ်ယောက် အမြဲဆက်သွယ်ပြီး ချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်စေမှာဖြစ်ကြောင်း၊ နောင်လာမည့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် ကာလတွေ ရောက်တိုင်း ယခုနှစ် သင်္ကြန်ပွဲတော်မှာ ပျော်ရွှင်ခဲ့ရသည်များကို အမြဲပြန်လည် တမ်းတ သတိရနေမှာ အမှန်ပင်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ညှော်ခံဖျော်ဖြေ

ဆက်လက်၍ ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသော ဧည့်သည်တော်များနှင့်နယ်စပ်ဒေသ အသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အကများဖြင့် ညှော်ခံဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က ဧည့်သည်တော်များနှင့် နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ၂၀၀၅ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်တွင် ပါဝင်ဆင်နွှဲခဲ့ကြသော နယ်စပ်ဒေသ အသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေပေးအပ်စဉ်။

(သတင်းစဉ်)

၂၀၀၅ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်တွင် ပါဝင်ဆင်နွှဲခဲ့ကြသော နယ်စပ်ဒေသ အသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှု အဖွဲ့ဝင်များကိုယ်စား ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းဒေသမှ ရှမ်းတိုင်းရင်းသူ နန်းမာမာဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားစဉ်။

(သတင်းစဉ်)

ဒီအမ်အေရွှေရတုအထိမ်းအမှတ်အခမ်းအနားနှင့် စာတမ်းဖတ်ပွဲများကျင်းပမည်

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန၏ စီမံအုပ်ချုပ်မှု ဒီပလိုမာသင်တန်း DMA နှစ် (၅၀) မြောက်အထိမ်းအမှတ် ဈေးရောင်းပွဲနှင့်ပျော်ပွဲရွှင်ပွဲများကို ဧပြီ ၂ရက်တွင် ကျင်းပခဲ့ပြီး ရွှေရတုအခမ်းအနားများ ဆက်လက် ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့များက ဆောင်ရွက်လျက်ရှိသည်။

ဖိတ်ခေါ်ထား

စီမံအုပ်ချုပ်မှုပညာ ဒီပလိုမာသင်တန်း ရွှေရတုအထိမ်းအမှတ် အခမ်းအနားနှင့်ပြခန်းကို ဧပြီ ၃၀ရက် နံနက် ၈ နာရီတွင် လှိုင်နယ်မြေ စီမံခန့်ခွဲမှုပညာဌာန၌ ဖွင့်လှစ်မည်ဖြစ်ပြီး နံနက် ၉နာရီတွင် စီမံခန့်ခွဲမှုဆိုင်ရာ စာတမ်းများ တင်သွင်းဖတ်ကြားဆွေးနွေးကြမည်ဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်ရန် ဖိတ်ခေါ်ထားသည်။

DMA ရွှေရတု အာစရိယပူဇော်ပွဲကို မေ ၁ရက် ညနေ၄နာရီခွဲတွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး ညနေ၆နာရီခွဲတွင် ညစာစားပွဲအစီအစဉ်များကို ယင်းဟိုတယ်၌ပင် ဆက်လက်ကျင်းပမည်ဖြစ်ရာ DMA ကျောင်းသား ကျောင်းသူဟောင်းများ စုံစုံညီညီ ပါဝင်နိုင်ရေးအတွက် နှိုးဆော်ထားကြောင်း သိရသည်။

(သတင်းစဉ်)

ဘက်စုံသုံးဒီဇယ်အင်ဂျင်စက်ရုံစီမံကိန်း(သာဂရ) ဝန်ကြီးဗိုလ်ချုပ်စောလွင်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၈

အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ၁၃ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၏ ဘက်စုံသုံးဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံစီမံကိန်း (သာဂရ)သို့ရောက်ရှိပြီး စက်ရုံတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ ဦးအေးသောင်းနှင့် မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေး လုပ်ငန်းမှ စီမံကိန်းညွှန်ကြားရေးမှူး ဦးခင်ဝင်းတို့က စက်ရုံတည်ဆောက်ရန် မြေနေရာသတ်မှတ်ထားရှိမှု၊ အလုပ်ရုံများတည်ဆောက်မှု၊ စက်ရုံလမ်းဖောက်လုပ်မှု၊ လျှပ်စစ်ဓာတ်အားနှင့်ရေရရှိမှုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စက်မှုပညာရှင်များရောက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ဝန်ကြီး ဗိုလ်ချုပ်စောလွင်က စီမံကိန်းလုပ်ငန်းများကို အချိန်ဇယားရေးဆွဲပြီး သတ်မှတ်ချိန်အတိုင်း ပြီးစီးစေရန် ဆောင်ရွက်ရေး၊ စီမံကိန်းနယ်မြေလုံခြုံရေး၊ စိမ်းလန်းစိုပြည်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက်ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် မြန်မာ့စက်ရုံနှင့်အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း၏ ဆောက်လုပ်ရေးပစ္စည်းများသိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းညွှန်ကြားရေးမှူးဦးခင်ဝင်းက ရှင်းလင်းတင်ပြသည်။

စနစ်တကျထိန်းသိမ်း

ယင်းနောက် ဝန်ကြီးက ဆောက်လုပ်ရေးပစ္စည်းများကို စနစ်တကျထိန်းသိမ်းထားရှိသုံးစွဲရေး၊ စက်သုံးဆီများကို အလေအလွင့် မဖြစ်စေရန် သုံးစွဲရေး၊မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တံတားများတည်ဆောက်နေသည့်ဒေသမှာ ဒီရေအတက်အကျရှိသည့် ဒေသဖြစ်သဖြင့် ဒီရေအတက်အကျကို တိုင်းတာမှတ်သားပြီး လိုအပ်သည့်အစီအမံများဆောင်ရွက်

■ ရှေ့ဖုံးမှ

အဆိုပါရှင်းလင်းတင်ပြရာသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ရမ်းဗြဲမြို့နယ်အတွင်း၌ တည်ဆောက်လျက်ရှိသည့် သံသမချောတံတား၊ သဇင်တန်ပေါက်တံတားနှင့်ကျောက်ဖြူမြို့နယ်အတွင်း၌ တည်ဆောက်လျက်ရှိသော ဝန်ဖိုက်တံတားတို့နှင့်စပ်လျဉ်း၍ တည်ဆောက်ရေးလုပ်ငန်းများကို ဗီဒီယိုဖြင့် ပြသရှင်းလင်းသည်။

ပြသရှင်းလင်း

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်စောထွန်းက သံသမချောတံတား၊ သဇင်တန်ပေါက်တံတားနှင့်ဝန်ဖိုက်တံတားတို့နှင့်စပ်လျဉ်း၍ စီမံကိန်းတည်နေရာ၊ တံတားအကြောင်းပြပုံ၊ တံတားဆိုင်ရာအချက်အလက်များ၊ တံတားလုပ်ငန်းပြီးစီးမှုအခြေအနေနှင့်မှတ်တမ်းဓာတ်ပုံတို့ကို ပါဝါပွိုင့်ဖြင့် ပြသရှင်းလင်းသည်။

ဆက်လက်၍ ဝန်ကြီးဗိုလ်ချုပ်စောထွန်းက တောင်ကုတ်–မအီ–ကျောက်ဖြူလမ်းပေါ်ရှိ တံတားများတည်ဆောက်ပြီးစီးနေမှုအခြေအနေများနှင့်ကျောက်ဖြူ–မအီလမ်းပေါ်၌ တည်ဆောက်သည့် တံတားကိုးစင်းအနက် ခြောက်စင်းပြီးစီးပြီဖြစ်ပြီး သံသမချောတံတားနှင့်သဇင်တန်ပေါက်တံတားတို့မှာ မကြာမီပြီးစီးမည်ဖြစ်သဖြင့် ဝန်ဖိုက်တံတားတစ်စင်းသာ ကျန်ရှိတော့သည့် အခြေအနေကို ရှင်းလင်းတင်ပြသည်။

သံသမချောတံတားစီမံကိန်း

- ❑ ရခိုင်ပြည်နယ် ကျောက်ဖြူ–မအီ လမ်းမကြီးပေါ်၌ တည်ဆောက်နေသည့် သံသမချောတံတား တည်ဆောက်ရေး စီမံကိန်းသည် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်၌ တည်ရှိ၍ တံတားအရှည်မှာ ၇၀၇ပေ သုံးလက်မရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ၂၄ပေရှိ၍ လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် သုံးပေစီရှိသည်။
- ❑ တံတားအမျိုးအစားမှာ အပေါ်ထည် သံပေါင်သံကူ ကွန်ကရစ်ဖြစ်၍ အောက်ထည်မှာ သံကူကွန်ကရစ်ဖြစ်သည်။ ယာဉ်တစ်စီးချင်းခွင့်ပြုတန်ချိန်မှာ တန် ၆၀ ဖြစ်သည်။
- ❑ အဆိုပါတံတားသည် မအီ–ကျောက်ဖြူ လမ်းပိုင်းတွင် တံတားကိုးစင်းအနက်မှ ခုနစ်စင်းမြောက်တံတားဖြစ်သည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်စောထွန်းက ရန်ကုန်–ကျောက်ဖြူလမ်းပေါ်ရှိ ကျောက်ဖြူ–မအီလမ်းအပိုင်း၊ မအီ–တောင်ကုတ်လမ်းအပိုင်းနှင့်အမ်း–ပဒဲကြော–မအီလမ်းပြုပြင်ဖောက်လုပ်နေမှုနှင့်လမ်းအဆင့် တိုးမြှင့်ဆောင်ရွက်နေမှုအခြေအနေတို့ကို ဆက်လက်ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်တင်ပြ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်တို့က ရခိုင်ပြည်နယ်အတွင်း တည်ဆောက်ပြီး၊ တည်ဆောက်ဆဲလမ်း၊ တံတားများ အခြေအနေကို ဖြည့်စွက်တင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက မေ ၁၇ ရက်တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ အမ်းမြို့သို့သွားရောက်၍ အမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ တံတားများတည်ဆောက်နေသည့်ဒေသမှာ ဒီရေအတက်အကျရှိသည့် ဒေသဖြစ်သဖြင့် ဒီရေအတက်အကျကို တိုင်းတာမှတ်သားပြီး လိုအပ်သည့် အစီအမံများဆောင်ရွက်ရန်၊ ထူးကဲဒီရေကို ကာကွယ်ပေးမည့် ရေကျော်တား အစီအမံများ၊ လှိုင်းရိုက်ခတ်ရာနေရာများတွင် ကျောက်စီအရန်အတားများ ထည့်သွင်းတည်ဆောက်ရန် မှာကြားပြီး ရခိုင်ပြည်နယ်၏ အခြားပြည်နယ်၊ တိုင်းများသို့ ဆက်စပ်ရာတံခါးပေါက် သုံးပေါက်ဖြစ်သည့် အမ်း–မင်းဘူးလမ်း၊ တောင်ကုတ်–ပြည်လမ်းနှင့် ဂွ–ငါးသိုင်းချောင်းလမ်းတို့ကို တစ်ခုနှင့်တစ်ခု ဆက်စပ်မိပြီး ဆက်သွယ်သွားလာရေး အဆက်မပြတ်စေရန်နှင့် ယင်းတံခါးပေါက် သုံးပေါက်မှ အခြားပြည်နယ်၊တိုင်းများသို့ ရာသီမရွေး သွားလာနိုင်စေရန်အတွက် လမ်းမကြီးများကို အမြဲမပြတ်စစ်ဆေးပြုပြင်မှု၊ အဆင့်မြှင့်တင်မှုများ ပြုလုပ်သွားရန်လိုကြောင်း။

တည်ဆောက်ပြီးတံတားများ ပြုပြင်ထိန်းသိမ်းပြီး တည်ဆောက်ဆဲတံတားများနှင့် ဆက်လက်တည်ဆောက်မည့်တံတားများ ဆောက်လုပ်ပြီးစီးရေးအတွက်လည်း စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လိုကြောင်း။

သဇင်တန်ပေါက်တံတားစီမံကိန်း

- ❑ သဇင်တန်ပေါက်တံတား တည်ဆောက်ရေးစီမံကိန်းသည် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၌ တည်ရှိ၍ တံတားအရှည်မှာ ၅၉၂ပေ လေးလက်မရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ၂၄ ပေရှိ၍ လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် သုံးပေစီရှိသည်။
- ❑ တံတားအမျိုးအစားမှာ အပေါ်ထည် သံမဏိသံပေါင်ဖြစ်၍ အောက်ထည်မှာ သံကူကွန်ကရစ်ဘိုးပိုင်အုတ်မြစ်ဖြစ်သည်။ ယာဉ်တစ်စီးချင်းခွင့်ပြုတန်ချိန်မှာ တန် ၆၀ ဖြစ်သည်။
- ❑ အဆိုပါတံတားသည် မအီ–ကျောက်ဖြူ လမ်းပိုင်းတွင် တံတားကိုးစင်းအနက်မှ ရှစ်စင်းမြောက်တံတားဖြစ်သည်။

တိုးချဲ့လုပ်ကိုင်

လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်မှသာ ရခိုင်ပြည်နယ်နှင့် အခြားသော ပြည်နယ်၊တိုင်းဒေသများ တစ်ဆက်တစ်စပ်တည်းဖြစ်ပြီး ရခိုင်ပြည်နယ်၏ စီးပွားကုန်သွယ်မှုလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပြီး ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ လူနေမှုဘဝ ပိုမိုတိုးတက်မြင့်မားလာမှာဖြစ်ကြောင်း။

ဒေသခံပြည်သူများ၏ စားဝတ်နေရေးနှင့် ဒေသဝမ်းစာ ဖူလုံစေရေးအတွက် ဆန်စပါးကို အဓိကအလေးထားစိုက်ပျိုးကြရမှာဖြစ်ကြောင်း၊ သို့ရာတွင် ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ပင်မစီးပွားရေးလုပ်ငန်းတစ်ခုကိုသာ အားကိုးမနေဘဲ ရော်ဘာစိုက်ပျိုးရေး၊ ငရုတ်ကောင်း စိုက်ပျိုးရေး၊ သိပ္ပံနည်းကျ ပုစွန်မွေးမြူရေး လုပ်ငန်းများကိုလည်း အဓိကစီးပွားရေး လုပ်ငန်းများအဖြစ် တိုးချဲ့လုပ်ကိုင်ကြရန် အားပေးဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ဒေသတစ်ခုတွင် ပင်မစီးပွားရေးလုပ်ငန်းတစ်ခုတည်းအပေါ် ရပ်တည်မည့်အစား ပင်မစီးပွားရေးနှစ်ခု၊ သုံးခုရှိပါမှ ဒေသရော ဒေသခံပြည်သူများပါ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးစည်ပင်လာမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အချို့ကိစ္စများ၌ ကန့်သတ်မှုရှိတတ်၍ ပုဂ္ဂလိကများကို လုပ်ကိုင်ခွင့် တိုးမြှင့်ပေးလျက်ရှိကြောင်း၊ ထို့အတူ ပုဂ္ဂလိကကဏ္ဍကို အားပေးလျက်ရှိကြောင်း။

အားကြိုးမာန်တက်ဆောင်ရွက်

ဒေသတစ်ခုလုံးကို စီးပွားရေးဖွံ့ဖြိုးသည့် ဒေသကြီးဖြစ်လာစေရေးတွင် ပုဂ္ဂလိကကဏ္ဍ၏အားကြိုးမာန်တက် ပူးပေါင်းပါဝင်ဆောင်ရွက်မှု လိုအပ်ကြောင်း။

ပြည့်စုံလုံလောက်

မိမိတို့အနေဖြင့် နိုင်ငံနှင့်အဝန်းတွင် ဆည်မြောင်းတာတမံများ၊ လမ်းမကြီးနှင့် တံတားကြီးများ၊ ရေအားလျှပ်စစ် စီမံကိန်းများစသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခြေခံများကို အလုံးအရင်းဖြင့် တည်ဆောက်ပေးခဲ့ရာ ယခုအခါတွင် ပြည့်စုံလုံလောက်သည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း။

မကြာမီသောကာလတွင် ယင်းအခြေခံအဆောက်အအုံများအားလုံး ရည်မှန်းချက်နှင့်အညီ အကောင်အထည်ပေါ်ပြီးမြောက်ပြီး နိုင်ငံတော်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာတော့မည့်အချိန်သို့ ရောက်တော့မှာဖြစ်ကြောင်း ပြောကြားသည်။

ဝန်ဖိုက်တံတားစီမံကိန်း

- ❑ ဝန်ဖိုက်တံတား တည်ဆောက်ရေးစီမံကိန်းသည် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၌ တည်ရှိ၍ တံတားအရှည်မှာ ၇၀၇ပေ လေးလက်မရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ၂၄ပေရှိ၍ လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် သုံးပေစီ ရှိသည်။
- ❑ တံတားအမျိုးအစားမှာ အပေါ်ထည် သံမဏိသံပေါင်သံကူကွန်ကရစ်ဖြစ်၍ အောက်ထည်မှာ သံကူကွန်ကရစ် ဘိုးပိုင် အုတ်မြစ်ဖြစ်သည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုတန်ချိန်မှာ တန် ၆၀ ဖြစ်သည်။
- ❑ အဆိုပါတံတားသည် မအီ–ကျောက်ဖြူ လမ်းပိုင်းတွင် တံတားကိုးစင်းအနက်မှ ကိုးစင်းမြောက်တံတားဖြစ်သည်။

ရခိုင်ပြည်နယ် ကျောက်ဖြူ–မအီလမ်းမကြီးပေါ်၌ တည်ဆောက်နေသည့် သံသမချေတံတား တည်ဆောက်ရေးစီမံကိန်းသည် ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်၌ တည်ရှိ၍ တံတားအရှည်မှာ ၇၀၇ပေ သုံးလက်မရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ၂၄ပေရှိ၍ လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် သုံးပေစီရှိသည်။

တံတားအမျိုးအစားမှာ အပေါ်ထည် သံပေါင်သံကူ ကွန်ကရစ်ဖြစ်၍ အောက်ထည်မှာ သံကူကွန်ကရစ်ဖြစ်သည်။ ယာဉ်တစ်စီးချင်းခွင့်ပြုတန်ချိန်မှာ တန် ၆၀ ဖြစ်သည်။

အဆိုပါတံတားသည် မအီ–ကျောက်ဖြူလမ်းပိုင်းတွင် တံတားကိုးစင်းအနက်မှ ခုနစ်စင်းမြောက်တံတားဖြစ်သည်။

သဇင်တန်ပေါက်တံတားစီမံကိန်း

သဇင်တန်ပေါက်တံတား တည်ဆောက်ရေးစီမံကိန်းသည် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၌တည်ရှိ၍ တံတားအရှည်မှာ ၅၉၂ပေလေးလက်မ ရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ၂၄ ပေရှိ၍ လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် သုံးပေစီရှိသည်။

တံတားအမျိုးအစားမှာ အပေါ်ထည်သံမဏိသံပေါင်ဖြစ်၍ အောက်ထည်မှာ သံကူကွန်ကရစ်ဘိုးပိုင်အုတ်မြစ်ဖြစ်သည်။ ယာဉ်တစ်စီးချင်းခွင့်ပြုတန်ချိန်မှာ တန် ၆၀ ဖြစ်သည်။

အဆိုပါတံတားသည် မအီ–ကျောက်ဖြူလမ်းပိုင်းတွင် တံတားကိုးစင်းအနက်မှ ရှစ်စင်းမြောက်တံတားဖြစ်သည်။

ဝန်ဖိုက်တံတားစီမံကိန်း

ဝန်ဖိုက်တံတား တည်ဆောက်ရေးစီမံကိန်းသည် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်၌တည်ရှိ၍ တံတားအရှည်မှာ ၇၀၇ ပေ လေးလက်မ ရှိသည်။ ယာဉ်သွားလမ်းအကျယ်မှာ ၂၄ပေရှိ၍ လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် သုံးပေစီရှိသည်။

တံတားအမျိုးအစားမှာ အပေါ်ထည် သံမဏိသံပေါင်သံကူကွန်ကရစ်ဖြစ်၍ အောက်ထည်မှာ သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်ဖြစ်သည်။ ယာဉ်တစ်စီးချင်းခွင့်ပြုတန်ချိန်မှာ တန် ၆၀ ဖြစ်သည်။

အဆိုပါတံတားသည် မအီ–ကျောက်ဖြူလမ်းပိုင်းတွင် တံတားကိုးစင်းအနက်မှ ကိုးစင်းမြောက်တံတားဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင် လိုက်ပါလျက် ရခိုင်ပြည်နယ် သံတွဲမြို့ ငပလီကမ်းခြေတစ်လျှောက် ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကဟိုတယ်လုပ်ငန်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ငပလီကမ်းခြေဟိုတယ်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ထူးထရေးဒင်းကုမ္ပဏီလီမိတက်က တည်ဆောက်နေသော Treasureငပလီကမ်းခြေဟိုတယ် တည်ဆောက်ရေးစီမံကိန်းကိုလည်း ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် သံတွဲလေဆိပ်သို့ ရောက်ရှိကြရာ တိုင်းမှူးဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် သံတွဲလေဆိပ်မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ဧပြီ ၆ ရက်က ပုဇွန်တောင်မြို့နယ် အမှတ်(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဆောက်အအုံတွင် ရွှေနံ့သာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဌေးဝင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ညိမ်းနှင့် အမှတ်(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဆုတောင်းပြည့် မင်းစေတီဗုဒ္ဓပူဇာ ဓမ္မသဘင်

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမ အနောက်ရပ်ကွက်ရှိ ရှေးဟောင်း သမိုင်းဝင် မင်းစေတီဘုရားကြီး၏ ဗုဒ္ဓပူဇာသဘင်ကို ဘုရားရင်ပြင်တော်၌ ကျင်းပမည်ဖြစ်ရာ ဧပြီ၁၉ရက်တွင် ဖြူးဆရာတော် ဘဒ္ဒန္တ နရပတိ (သာသနဓဇဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ကမ္မဋ္ဌာနာစရိယ)၊ ဧပြီ ၂၀ ရက်တွင် နိုင်ငံတော်ဘွဲ့ တံဆိပ်တော်ကိုးဘွဲ့ရ အရှင်အာစာရ လင်္ကာရ(စစ်ကိုင်းရွှေဟင်္သာ)၊ ဧပြီ ၂၁ ရက်တွင် အင်းစိန်ညောင်ပင်သာ မိုးကုတ်ဝိပဿနာရိပ်သာ ဆရာတော် ဘဒ္ဒန္တ မာလာစာရ(ဓမ္မာစရိယ)တို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ညစဉ် ၇ နာရီမှစ၍ ဟောကြားကြမည်ဟု သိရသည်။ **(က–ပ)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်က တိုင်းရင်းသူနှစ်ဦးအား အမှတ်တရ လက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

လမ်းသစ်ရိပ်သာ ဓမ္မသဘင်ကျင်းပမည်

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ် (၁၁) ရပ်ကွက် လမ်းသစ်ရိပ်သာ၏ (၁၃)ကြိမ်မြောက် စုပေါင်းဒုလ္လဘရဟန်းခံ ရှင်ပြုအောင်ပွဲ အဖြစ် ဧပြီ ၂၀ရက်တွင် အရှင်သီရိန္ဒာဘိဝံသ (ယော)ဆရာတော်က လည်းကောင်း၊ ၂၁ရက်တွင် အရှင်ကောသလ္လ (ဓမ္မစေတီ)ဆရာတော်က လည်းကောင်း၊ ၂၂ရက်တွင် အရှင်ရာဇိန္ဒ (ရဝေနွယ်/အင်းမ) ဆရာတော်က လည်းကောင်း ညစဉ် ၇နာရီမှစ၍ အဆိုပါ ရပ်ကွက်အားကစားကွင်း၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသူများအားတွေ့ဆုံ

ရန်ကုန် ဧပြီ ၁၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၏ ဖိတ်ကြားချက်အရ ၂၀၀၅ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော်သို့ လာရောက်ဆင်နွှဲခဲ့ကြသော နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသူများအား ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမဆောင်၌ တွေ့ဆုံသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးအဖွဲ့ဝင်များ၊ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၊ ၂၀၀၅ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော်သို့ လာရောက်ဆင်နွှဲခဲ့ကြသော ကချင်ပြည်နယ် ဆဒုံး/ကန်ပိုက်တီးဒေသမှ ကချင်တိုင်းရင်းသူများ၊ ကယားပြည်နယ် မယ်စဲ့ဒေသမှ ကယားတိုင်းရင်းသူများ၊ ကရင်ပြည်နယ် သံတောင်ဒေသမှ ကရင်တိုင်းရင်းသူများ၊ ချင်းပြည်နယ် ထန်တလန်၊ လုံလဲရ်ဒေသမှ ချင်းတိုင်းရင်းသူများ၊ စစ်ကိုင်းတိုင်း လေရှီး၊ ပန်ဆပ်ဒေသမှ နာဂတိုင်းရင်းသူများ၊ မွန်ပြည်နယ် ခေါဇာဒေသမှ မွန်တိုင်းရင်းသူများ၊ ရခိုင်ပြည်နယ် မာန်အောင်ဒေသမှ ရခိုင်တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဝိန်းကောင်ဒေသမှ တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်တုံဒေသမှ ပလောင်တိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းဒေသမှ ရှမ်းတိုင်းရင်းသူများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံဒေသမှ တိုင်းရင်းသူများ၊ တနင်္သာရီတိုင်း ဘုတ်ပြင်းဒေသမှ မွန်တိုင်းရင်းသူများ၊ ကချင်ပြည်နယ် ပူတာအို၊ ဒေါ့ဖုန်းယန်၊ ဒွန်ဘန်ဒေသများနှင့် စစ်ကိုင်းတိုင်း ခန္တီး၊ လေရှီး၊ လဟယ်၊ နန်းယွန်းဒေသများရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ သင်တန်းသူများ ဖြစ်ကြသည့် ကချင်တိုင်းရင်းသူများနှင့်နာဂတိုင်းရင်းသူများ တက်ရောက်ကြသည်။

မိတ်ဆက်ပေး

ရှေးဦးစွာ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသူများနှင့် မိတ်ဆက်ပေးသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တွဲဖက် အထွေထွေ အတွင်းရေးမှူး ဒေါ်ခင်ထားမေက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အကြောင်း သိကောင်းစရာများနှင့် လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

နှုတ်ခွန်းဆက်စကား ပြောကြား

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ၂၀၀၅ခုနှစ် ရန်ကုန်မြို့တော် မဟာသင်္ကြန်ပွဲတော်သို့ လာရောက်ဆင်နွှဲခဲ့ကြသော နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသူများအား နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

အမှတ်တရလက်ဆောင်ပစ္စည်းပေး

ယင်းနောက် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့၏ အမှတ်တရလက်ဆောင်ပစ္စည်းကို အဖွဲ့ခေါင်းဆောင်ဒေါ်ကျင်ခိုင်က ပေးအပ်ရာ တိုင်းရင်းသူနှစ်ဦးက လက်ခံသည်။

ထို့နောက်နယ်စပ်ဒေသ အသီးသီးမှ တိုင်းရင်းသူများ ကိုယ်စား တိုင်းရင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉–၄–၂၀၀၅ (အင်္ဂါနေ့)

၇:၀၀	အဖွင့် ယနေ့အစီအစဉ်
၇:၀၅	တစ်ကွင်းတစ်စပ်မြစ်ရေတင် လုပ်ငန်းများ
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	ကျေးလက်လမ်းတံတား
၇:၃၅	ပြည်တွင်းသတင်း
၇:၄၀	စပါးအထွက်တိုးစိုက်ပျိုးရေး အပိုင်း(၁)
၈:၀၅	တေးဂီတအစီအစဉ်
၈:၁၀	မိသားစုကျန်းမာဖို့ယင်လုံအိမ်သာ ဆောက်ကြစို့
၈:၂၀	နိုင်ငံတကာသတင်း
၈:၂၅	စပါးအထွက်တိုးစိုက်ပျိုးရေး အပိုင်း(၂)
၈:၄၅	တေးဂီတအစီအစဉ်
၈:၅၀	သံချည်သံကြွေးအတတ်ပညာ
၉:၀၀	ဖန်တီးသူတို့၏အနုပညာ
၉:၁၀	ပြည်တွင်းသတင်း
၉:၁၅	ရန်ကုန်တိုင်းငါးလုပ်ငန်း (လှော်ကားငါးလုပ်ငန်းစခန်း)
၉:၃၀	တေးဂီတအစီအစဉ်
၉:၃၅	နိုင်ငံတကာသတင်း
၉:၄၀	မိုးလေဝသခန့်မှန်းချက်
၉:၄၅	ဝါသနာရှင်စင်မြင့်
၁၀:၃၀	ရော်ဘာကြိတ်လုံးထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်
၁၀:၄၀	လောကရဲ့အလှရတနာ
၁၁:၀၀	အပိတ်

အထက်ပါ ၄ နာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် ဧပြီလ ၁၂ ရက်နေ့အထိ နိုင်ငံအဝန်းတွင်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၅၆၀၈)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဟုတ်ပါ့မလားမောင်ကာဠုရဲ့ ဒါ့ထက်တောင်ပိုသေး

မောင်ကာဠု

(အဘိုး) – လာဟော့မောင်ကာဠု၊ သင်္ကြန်တုန်းက မင်းဥပုသ်စောင့်ဖြစ်ရဲ့လား။

(မောင်ကာဠု) – နှစ်ဆန်းတစ်ရက်နေ့မှာတော့ ဥပုသ်စောင့်ဖြစ်ပါတယ်။ သင်္ကြန်ရက်မှာတော့ မန္တလေးသင်္ကြန်ပွဲ နွှဲနေတယ်။ ခါတိုင်းထက်တောင် စည်တယ်အဘိုးရဲ့။ မန္တလေးမှာ မဲခေါင်မြစ်ဝှမ်းနိုင်ငံတွေ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံတွေက လာရောက်ပြီး မြန်မာ့သင်္ကြန်ပွဲအတူဆင်နွှဲကြတော့ ပိုပြီးစည်တယ်အဘိုးရဲ့။

(ဘိုး) – ကောင်းတာပေါ့ကွာ၊ ဒို့လဲ ရုပ်မြင်သံကြားသတင်းမှာ မြင်လိုက်ရတယ်။ မန်းသင်္ကြန်ကတော့ အစဉ်အလာအတိုင်း စည်ကားပေ့ကွာ။ ထိုင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်နဲ့ မြန်မာနိုင်ငံကိုယ်စားပြု သင်္ကြန်အလှပြယာဉ်တွေကိုလဲ တအံ့တသြမြင်လိုက်ရပါတယ်။ သင်္ကြန်ပွဲဆင်နွှဲတဲ့ အာဆီယံမိသားစုဝင်နိုင်ငံစုံက ဧည့်သည်များက ပျော်ရွှင်ချမ်းမြေ့စွာနဲ့ ရေပက်ကစားကြရင်း မြန်မာ့သင်္ကြန်ယဉ်ကျေးမှုကို ဂုဏ်တင်ချီးကျူး ပြောကြားသွားကြတာလဲ ကြားလိုက်ရပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာ့အရပ်ရပ်က ခရီးသွားတွေ လာရောက်လေ့လာဖို့ အလွန်လှပ ပျူငှာတဲ့နိုင်ငံပါပဲလို့ မှတ်ချက်ချသွားကြတယ်လေကွာ။

(ဠု) – သင်္ကြန်မတိုင်ခင် ရက်များမှာ နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းရဲ့ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်များကို ရုပ်မြင်သံကြားမှာ ကြည့်လိုက်ရတယ်။ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြရင်း မြန်မာနိုင်ငံကို မိမိတို့ ထောက်ခံသွားမှာဖြစ်တယ်လို့ ပြောကြတယ်။ ပြည်ပက နှောင့်ယှက်ပြီး ဖျက်လိုဖျက်ဆီး ပြောဆိုနေတာတွေကို ဂရုစိုက်မနေဘဲ ကိုယ့်နိုင်ငံကောင်းအောင် ကြိုးစားလုပ်ဆောင်သွားဖို့ သုံးနိုင်ငံစလုံးက အားပေးစကားပြောကြားလိုက်ကြတယ်။

(ဘိုး) – အေး-ဒါဟာလဲ မြန်မာနိုင်ငံရဲ့ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာနေမှုကို မရှုဆိတ်တဲ့ ပြည်တွင်းပြည်ပ အဖျက်အင်အားစုတွေက အကြောင်းမဲ့သက်သက် မမှန်မကန်အပုပ်ချ စွပ်စွဲနေတာတွေကို သူတို့သိကြောင်း၊ သူတို့လဲ အဲဒီလို မလိုတမာ နှောင့်ယှက်ခံခဲ့ရကြောင်း ထုတ်ဖော်ပြောကြားရင်း အဲဒီအဖျက်သမားတွေကို ဂရုစိုက်မနေဖို့ ပြောကြားလိုက်တာပဲ။

(ဠု) – ဟုတ်တယ်အဘိုး၊ သူတို့က မြန်မာနိုင်ငံရဲ့ ပကတိ အခြေအနေမှန်ကို သိနေကြတယ်လေ။

(ဘိုး) – ဒို့နိုင်ငံ အာဆီယံအဖွဲ့ထဲဝင်မယ်ဆိုတော့လဲ အဲဒီပါးစပ်မျိုးစုံက အော်ဟစ် ကန့်ကွက်ခဲ့ကြတာပဲ။ ဖိအားပေး၊ အကျပ်ကိုင်၊ ခြိမ်းခြောက်တာတွေ၊ ဖြားယောင်းသွေးဆောင်တာတွေ၊ ဘေးတီးတာတွေစုံနေတာပဲ။ သူတို့ ဘယ်လောက် ကန့်ကွက်ကန့်ကွက် ၁၉၉၇ခုနှစ်မှာ ဒို့နိုင်ငံဟာ အာဆီယံအဖွဲ့ဝင်ဖြစ်လာတာပဲ။

(ဠု) – အဲဒီနောက်လဲ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး မတည်ငြိမ်မှုဟာ ဒေသတွင်း နိုင်ငံတွေအတွက်တောင် အန္တရာယ်ရှိနေပြီ၊ လူ့အခွင့်အရေး ချိုးဖောက်နေပြီ စသဖြင့် ပုတ်ပုတ်ခတ်ခတ်ပြောပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံတွေက မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်ပါဆိုတဲ့ အသံတွေ အနောက်က လေထဲပါလာပြန်တယ်။

(ဘိုး) – ဒို့မှတ်မိပါတယ်၊ အဲဒီတုန်းက အာဆီယံဥက္ကဋ္ဌ အလှည့်ကျနေတဲ့ ဗီယက်နမ်နိုင်ငံက အဖွဲ့ဝင်နိုင်ငံတွေရဲ့ ပြည်တွင်းရေးကို အာဆီယံအဖွဲ့ကြီးက ဝင်ရောက်မစွက်ဖက်ရေးမူ ကျင့်သုံးလာတာ နှစ်ပေါင်းသုံးဆယ်ကျော်နေပြီ။ ဒါ့ကြောင့် ဘယ်အဖွဲ့ဝင်နိုင်ငံရဲ့ ပြည်တွင်းရေးကိုမှ အဖွဲ့က ဝင်မစွက်သင့်ဘူးလို့ ခပ်ပြတ်ပြတ် ပြောလိုက်တယ်လေ။

(ဠု) – အဲဒီနောက်ပိုင်းမှာလဲ မြန်မာနိုင်ငံအပေါ်အာဆီယံက လျစ်လျူမရှုသင့်ဘူးလို့ သပ်လျှိုဘေးတီးခဲ့ကြပြန်တယ်။ ဒါပေမယ့် ဖုန်မထပါဘူး။

(ဘိုး) – မနှစ်က အင်ဒိုနီးရှားမှာ ကျင်းပတဲ့ အာဆီယံထိပ်သီးအစည်းအဝေးမှာ မြန်မာနိုင်ငံကို အာဆီယံအဖွဲ့က ထုတ်ပစ်တော့မယ်လို့ အကြိုကာလနဲ့ စည်းဝေးနေတဲ့ ကာလတစ်လျှောက် အနောက်မီဒီယာတွေက ဘေးတီးခဲ့ကြတာပဲလေ။ ဒါပေမယ့် အဖွဲ့ဝင်နိုင်ငံအားလုံးက မြန်မာနိုင်ငံက ချမှတ်ဆောင်ရွက်နေတဲ့ မူဝါဒလမ်းစဉ်(၇)ရပ်ကို ထောက်ခံကြိုဆိုလိုက်ကြတဲ့အတွက်အသံတွေတိတ်သွားခဲ့ရတယ်လေ။

(ဠု) – နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းရဲ့ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား သုံးနိုင်ငံခရီးစဉ်မှာ မြန်မာနိုင်ငံကို ထောက်ခံပြောဆိုပြီး အဖျက်သမားတွေပြောတာ ဂရုစိုက်မနေနဲ့လို့ ပြောလိုက်ကြတော့ တော်တော် စားမဝင် အိပ်မပျော် ဖြစ်ကြရဦးမှာပဲ။

(ဘိုး) – ဒို့မြန်မာတွေရဲ့ နှစ်သစ်မင်္ဂလာ အခါသမယမှာ အဲဒီကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်သမားတွေအကြောင်း ပြောနေရတာ မနိုပ်ပါဘူးကွာ။ ဒို့မင်္ဂလာယူရမယ့်အချိန် မင်္ဂလာရှိတာတွေ ပြောကြစို့။ ဒီ၂၀၀၅ခုနှစ် နှစ်ဦးပိုင်းမှာ သံလွင်တံတား(မော်လမြိုင်) အပါအဝင် တံတားသစ်တွေ၊ ဆည်တမံသစ်တွေ၊ ရေအားလျှပ်စစ် စက်ရုံသစ်တွေ ဖွင့်ခဲ့တာများလှပြီ။ အခုသင်္ကြန် အကြိုရက်တွေကြည့်၊ မြန်မာ့ယဉ်ကျေးမှု တံခွန်ထူမယ့် ရှေးဟောင်း အမွေ ပုဂံမြေမှာ နန်းမြင့်မျှော်စင် ဖွင့်လိုက်ပြီလေ။ ဧပြီ ၁၀ရက်ကဖွင့်လိုက်တဲ့ **ပုဂံနန်းမြင့်မျှော်စင်ဟာ ၁၉၈ပေ မြင့်ပြီး အချင်း ၅၄ပေကျယ်တယ်။ အထပ် ၁၃ထပ်ပါတယ်။ မုန်တိုင်းဒဏ်၊ လျှင်ဒဏ် ခံနိုင်အောင် ခေတ်မီအဆင့်မြင့်နည်းသုံးထားတယ်။ ၁၁ယောက်စီး ခေတ်မီအဆင့်မြင့် ဓာတ်လှေကား သုံးစင်းတပ်ထားတယ်။ ပုဂံမြေအလှ၊ ပုဂံမြေရဲ့ အနုပညာ ဗိသုကာ လက်ရာတွေနဲ့ သာယာလှပတဲ့ ရှုခင်းတွေကို တစ်ဝကြီးကြည့်ရှု ခံစားနိုင်ကြပြီ**ပေါ့ကွာ။

(ဠု) – ဟုတ်တာပေါ့၊ ဧပြီ ၁၂ရက်နေ့က ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် တီကျစ်ဒေသမှာ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ ဓာတ်အားပေးစက်ရုံ ဖွင့်လိုက်ပြန်ပြီလေ။ မဂ္ဂါဝပ် ၆၀ထုတ်လုပ်ပေးမယ့် တာဘိုင်စက်နှစ်လုံး တပ်ဆင်ထားပြီး ပထမတစ်လုံးက စွမ်းအားပြည့် ထုတ်လုပ်နေပြီတဲ့အဘိုးရဲ့။

(ဘိုး) – အေး-ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေလဲ အများကြီးတည်ဆောက်ထားပြီ။ ရေအားလျှပ်စစ်ဓာတ်အားပေးစက်က မိုးရာသီမှာ အင်အားပြည့် လည်ပတ်နိုင်တယ်။ နွေရာသီရေနည်းသွားရင် အခက်အခဲ ကြုံရတတ်တယ်။ တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကတော့ စက်ပျက်တာမျိုးကလွဲရင် ရပ်စရာအကြောင်းမရှိဘူး။ တီကျစ်ဒေသက ကျောက်မီးသွေးအထွက်ကောင်းတယ်လေကွယ်။

(ဠု) – အခုအချိန်အထိ ဆည်တမံ ၁၇၂ခုတည်ဆောက် ပြီးစီးခဲ့တဲ့အပြင် ဆည်တမံစီမံကိန်းလုပ်ငန်း၃၅ခု ဆောင်ရွက်ဆဲဖြစ်တယ်။ မြစ်ရေတင်စီမံကိန်းကလဲ နှစ်ရာကျော်ပြီ။ ဒါ့ကြောင့် ၁၉၈၈ခုနှစ်မှာ စိုက်ပျိုးမြေဧက ၂၄ဒသမ၈သန်းသာရှိခဲ့ရာမှ အခုဆိုရင် ၂၆ဒသမ၆သန်းအထိ တိုးတက်လာပြီ။ စက်မှုလယ်ယာစနစ် ကူးပြောင်းရေးကိုလဲ ကြိုးပမ်းဆောင်ရွက်နေဆဲပဲခင်ဗျာ့။

(ဘိုး) – နိုင်ငံမှာ ခေတ်မီစီးပွားရေးစနစ် ဖြစ်ထွန်းဖို့က စက်မှုလက်မှု ဖွံ့ဖြိုးအောင် လုပ်ကြရတယ်ကွ။ အခု ပုဂ္ဂလိက စက်မှုဇုန် ၁၉ဇုန်နဲ့ ပုဂ္ဂလိကစက်ရုံ၄၂၇၀၇ရုံ၊ နိုင်ငံပိုင်စက်ရုံ ၈၃၃ရုံ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းပေါင်း ၈၅၀၀တို့ကို တည်ဆောက်ထူထောင်နိုင်ခဲ့ပြီလေ။ ရခိုင်ကမ်းလွန်မှာလဲ သဘာဝဓာတ်ငွေ့တွေ ရှာဖွေတွေ့ရှိနေပြီ။ အိန္ဒိယကပိုက်လိုင်းသွယ်ပြီး ဝယ်ယူဖို့ စီစဉ်ထားပြီ။ ရတနာကမ်းလွန်မှာ သဘာဝဓာတ်ငွေ့တွေ အမြောက်အမြား ထွက်လို့ ထိုင်းနိုင်ငံက ဝယ်ယူခဲ့တယ်လေ။

(ဠု) – ဟုတ်ပါ့၊ အဲဒီတုန်းကလဲ ပိုက်လိုင်းသွယ်လို့ သဘာဝပတ်ဝန်းကျင်တွေ ပျက်ကုန်ပါပြီ၊ အဓမ္မလုပ်အားပေးခိုင်းနေပြီဆိုပြီး ပိုက်လိုင်းမသွယ်ဖြစ်အောင် ပြည်တွင်းပြည်ပ အဖျက်သမားတွေ ပေါင်းပြီး ဖျက်လိုက်ကြတာ။ ဓာတ်ငွေ့ပိုက်လိုင်းတွေ၊ ရထားလမ်း၊ ကားလမ်းတွေ၊ ဆည်တမံတွေ၊ တံတားတွေ၊ လျှပ်စစ်ဓာတ်အားပေး စက်ရုံမျိုးစုံ၊ တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာ သင်ကျောင်းတွေ၊ ဆေးရုံဆေးခန်းတွေ တိုးချဲ့တည်ဆောက် ပေးနေတာကို အဲဒီအဖျက်သမားတွေက မရှုဆိတ်ကြပေမယ့် ကျွန်တော်တို့ နိုင်ငံအဖို့တော့ အပေါင်းလက္ခဏာ တွေချည်းပဲ ခင်ဗျာ့။ ဒီအခြေအနေကောင်းတွေကို အကောင်းမမြင်နိုင်တဲ့ ပြည်ပက အဖျက်သမားတွေကို ထားပါဦး၊ မြန်မာ့မြေပေါ်မှာ မွေးပြီး မြန်မာလူမျိုးတွေ ကောင်းစားတာကို မလိုလား မရှုဆိတ်တဲ့ ပြည်ပြေးအဖျက်သမားတွေရဲ့ စိတ်သဘောထားကတော့ အံ့သြစရာကောင်းတယ်အဘိုး။

(ဘိုး) – နေစမ်းပါစေကွာ...နိုင်ငံတွင်းက ဥပဒေချိုးဖောက်ပြီး ပြည်ပထွက်ပြေး၊ ပြည်ပမှာလက်ဖြန့်ခံတောင်းစား၊ ခိုင်းတာလုပ်နေရတဲ့ ဘဝရောက်နေတဲ့ လူတွေဟာ စောစောကပြောတဲ့ အလေးအမွှားတွေပါပဲ၊ ဖုန်မထပါဘူး။

(ဠု) – ၁၉၈၉ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့တဲ့ ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) ဦးကန်နဦးစီးတပ်မဟာ (၁၁)က ငြိမ်းချမ်းရေးနဲ့လက်နက် အပြီးအပိုင်လဲလှယ်တဲ့ အခမ်းအနားကို ဧပြီလ ၁၂ ရက်နေ့က ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် စယ်အူကျေးရွာမှာ ကျင်းပသွားတဲ့သတင်း တွေ့လိုက်ရတယ်။ (SSNA)တပ်မဟာမှူးဦးကန်န၊ဒုတိယတပ်မဟာမှူး ဦးအိန္ဒာ၊ တပ်မဟာ(၁၁) လက်အောက်ခံတပ်ရင်း အမှတ်(၁၉) တပ်ရင်းမှူး ဦးစိုင်းဖုန်း၊ အမှတ် (၂၅)တပ်ရင်းမှူး ဦးခမ်းမွန်၊ အမှတ်(၂၇)တပ်ရင်းမှူး ဦးပွမ်ဝမ်း အပါအဝင် တပ်ဖွဲ့ဝင်စုစုပေါင်း ၁၇၆ယောက်တို့ တက်ရောက်ကြပြီး အပြီးအပိုင်လက်နက်စွန့်လွှတ် အပ်နှံသွားကြတယ် အဘိုးရဲ့။

(ဘိုး) – အဲဒီအခမ်းအနားမှာ ပြောကြဆိုကြတာတွေအများကြီးပဲကွ။ ဒို့အနေနဲ့ ဦးကန်နရဲ့ ငြိမ်းချမ်းရေးနဲ့ လက်နက်အပြီးအပိုင်လဲလှယ်ရတဲ့အကြောင်း ပြောကြားချက်ထဲက နားထဲစွဲသွားတဲ့စကားတွေ အများကြီးပဲကွာ။

(ဠု) – ဒါက ဦးကန်နတို့ ဘဝပေးအသိ၊ ရင်ထဲက ခံစားမှု၊ ကိုယ်ပိုင်အမြင်နဲ့ ပြောသွားတဲ့စကားလုံးတွေပဲ။ ဦးကန်နက သူတို့အနေနဲ့ နယ်ချဲ့သွေးခွဲမှုကြောင့် အစိုးရအဆက်ဆက်အပေါ် မယုံကြည်ခဲ့ဘူး။ ဒါ့ကြောင့် လက်နက်စွဲကိုင်မှုမစွန့်လွှတ်ဘဲ အစိုးရနဲ့ပူးပေါင်းပြီး ပြည်သူ့အကျိုးကို ဆောင်ရွက်တယ်ဆိုတဲ့ မပြတ်သားတဲ့လုပ်ရပ်နဲ့ ရပ်တည်ခဲ့တယ်တဲ့။ ကျွန်တော်တို့ လက်နက်စွဲကိုင်ထားသရွေ့ ပြည်သူလူထုရဲ့ အားပေးထောက်ခံမှုမရဘူးဆိုတာ သိလာလို့ အခုလို လက်နက်အပြီးအပိုင် စွန့်လွှတ်တာပါလို့ ပြောသွားသေးတယ်။

(ဘိုး) – ကျန် (SSNA) ခေါင်းဆောင်တွေ ပြောကြားချက်တွေကို ကြည့်ရင်လဲ ပြည်သူ့အကျိုးကို ရှေးရှုပြီး ရင်ထဲ၊ နှလုံးသားထဲက ခံစားချက်နဲ့ ပြောကြတာတွေဖြစ်တာကို တွေ့ရတယ်။

(ဠု) – ဒီသတင်းဟာလဲ အခုနှစ် သင်္ကြန်ကာလမှာ ကြားရတဲ့ နှစ်သစ်ကြို မင်္ဂလာသတင်းပဲပေါ့နော်အဘိုး။ ဒါကိုပြည်ပအသံလွှင့်ဌာနတစ်ခုက တိုင်းတစ်ပါးမှာ ခိုလှုံပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအပေါ် သစ္စာဖောက်နေသူတွေနဲ့ ဖုန်းဆက်ပြီး ဗျူးလိုက်သေးတယ်။ ဒီမင်္ဂလာသတင်းကို တန်ဖိုးယုတ်လျော့အောင် လုပ်တာပေါ့လေ။ အဲဒီလိုအဖျက်ပါးစပ်တွေက အဆိုးမြင်လေ ကျွန်တော်တို့အဖို့ မင်္ဂလာတိုးလေပဲပေါ့အဘိုးရယ်။ သူတို့ ပါးစပ်က အနုတ်လက္ခဏာတစ်ခုထွက်တိုင်း ကျွန်တော်တို့မှာ အပေါင်းလက္ခဏာတစ်ခု တိုးလာတာပဲ။ အနုတ်လက္ခဏာ ကုဋေကုဋာ သူတို့ဖန်တီးလေ ကျွန်တော်တို့မှာ အပေါင်းလက္ခဏာ ကုဋေကုဋာ တိုးလေပေါ့။

(ဘိုး) – ဟုတ်ပါ့မလား မောင်ကာဠုရဲ့။

(ဠု) – ဒါ့ထက်တောင်ပိုသေး။ ။

ပုဂံနန်းမြင့်မျှော်စင်ဟာ ၁၉၈ပေ မြင့်ပြီး အချင်း ၅၄ပေ ကျယ်တယ်။ အထပ် ၁၃ထပ်ပါတယ်။ မုန်တိုင်းဒဏ်၊ လျှင်ဒဏ် ခံနိုင်အောင် ခေတ်မီအဆင့်မြင့်နည်းသုံးထားတယ်။ ၁၁ယောက်စီး ခေတ်မီအဆင့်မြင့် ဓာတ်လှေကားသုံးစင်းတပ်ထားတယ်။ ပုဂံမြေအလှ၊ ပုဂံမြေရဲ့ အနုပညာဗိသုကာလက်ရာတွေနဲ့ သာယာလှပတဲ့ ရှုခင်းတွေကို တစ်ဝကြီးကြည့်ရှု ခံစားနိုင်ကြပြီ။

မန္တလေးမြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်ဆုပေးပွဲ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် တက်ရောက်ချီးမြှင့်

ရန်ကုန် ဧပြီ ၁၈

မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ အေးချမ်းပျော်ရွှင်စွာ ကျင်းပခဲ့သည့် မန္တလေး မဟာသင်္ကြန်သည် ဧပြီ ၁၆ရက် သင်္ကြန်အတက်နေ့ညပိုင်းတွင် ဆုပေးမဏ္ဍပ်အသီးသီးတို့၌ ဆုပေးပွဲနှင့် မဏ္ဍပ်ပိတ်ပွဲအခမ်းအနားများကို ကျင်းပကာ အောင်မြင်စွာကျင်းပပြီးစီးသွားခဲ့သည်။

ကြည့်ရှုအားပေး

ဧပြီ ၁၆ ရက် သင်္ကြန်အတက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဇနီး ဒေါ်မြတ်ငွေတို့သည် မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်းနှင့် ဇနီး၊ တိုင်းစစ်ဌာနချုပ် ဦးစီးအရာရှိများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများနှင့်အတူ ကျုံးပတ်လည်ရှိ သင်္ကြန်မဏ္ဍပ်များသို့ လှည့်လည်၍ မဟာသင်္ကြန်အဆို၊ အကများဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ပေးအပ်ချီးမြှင့်

ညပိုင်းတွင် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ဆုပေးပွဲကို ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အလှပြယာဉ်ပထမဆုရ မန္တလေးခရိုင်ကိုယ်စားပြု မြနန်းမန္တလာ အလှပြယာဉ်ကို ပထမတံခွန်စိုက် ဆုဖလားနှင့် ဆုငွေကျပ်တစ်သိန်းငါးသောင်း၊ ဒုတိယဆုရ ညောင်ဦးခရိုင် ကိုယ်စားပြု ပုဂံရွှေပြည်အလှပြယာဉ်ကို ဒုတိယဆုဖလားနှင့် ဆုငွေကျပ် တစ်သိန်းနှစ်သောင်း၊ တတိယဆုရ မိတ္ထီလာခရိုင်ကိုယ်စားပြု ထီလာမြေ အလှပြယာဉ်ကို တတိယဆုဖလားနှင့် ဆုငွေကျပ်တစ်သိန်းတို့ကို ပေးအပ်ချီးမြှင့်သည်။

အလှပြယာဉ်

ဆက်လက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးစန်းမောင်က အလှပြယာဉ် စတုတ္ထဆုရ ရမည်းသင်းခရိုင် ကိုယ်စားပြု ရွှေမင်းသားအလှပြယာဉ်၊ ပဉ္စမဆုရ ကျောက်ဆည်ခရိုင် ကိုယ်စားပြု ကင်းတားရွှေရည် အလှပြယာဉ်၊ ဆဋ္ဌမဆုရ ပြင်ဦးလွင်ခရိုင် ကိုယ်စားပြု ပန်းမြို့တော်အလှပြယာဉ်၊ သတ္တမဆုရ မြင်းခြံခရိုင်ကိုယ်စားပြု သီဂီရွှေသာ အလှပြယာဉ်တို့ကို ငွေဖလားနှင့် ဆုငွေများချီးမြှင့်သည်။

ထို့နောက် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က သင်္ကြန်အလှပြမဏ္ဍပ် ပူးတွဲပထမဆုရရှိကြသည့် ကျန်းမာရေးမိသားစု အလှပြမဏ္ဍပ်နှင့် ချမ်းအေးမန္တလာ အလှပြမဏ္ဍပ်တို့ကို ဆုငွေကျပ်တစ်သိန်းစီနှင့် တတိယဆုရ ပိတောက်ရွှေရည် အလှပြမဏ္ဍပ်ကို တတိယ ငွေဖလားနှင့် ဆုငွေကျပ်ရှစ်သောင်း ပေးအပ်ချီးမြှင့်သည်။

ငွေဖလားနှင့်ဆုချီးမြှင့်

ယင်းနောက် ကော်မတီဝင် (၁) ဦးမြင့်သိန်းက အလှပြမဏ္ဍပ် စတုတ္ထဆုရ အာကာသီတာ (ပို့ဆောင်ရေးဝန်ကြီးဌာန) အလှပြမဏ္ဍပ်၊ ပဉ္စမဆုရ ဆုံစည်းရာ (အမရပူရမြို့နယ်) အလှပြမဏ္ဍပ်၊ ဆဋ္ဌမဆုရ ဘဏ္ဍာရေးနှင့် အခွန်မိသားစု အလှပြမဏ္ဍပ်၊ သတ္တမဆုရ ကျွန်းရွှေဝါ အလှပြမဏ္ဍပ်တို့ကိုလည်းကောင်း၊ ကော်မတီဝင် (၂) ဒုတိယဗိုလ်မှူးကြီးကျော်ဝင်းက နှစ်သိမ့်ဆု(၁)ရ (မထသမြို့တွင်း) ပန်းသရဖူ အလှပြမဏ္ဍပ်၊ နှစ်သိမ့်ဆု(၂)ရ (မထသအဝေးပြေး) အလှပြမဏ္ဍပ်၊ နှစ်သိမ့်ဆု(၃)ရ မန္တလေးတိုင်းသစ်တောမိသားစု အလှပြမဏ္ဍပ်၊ နှစ်သိမ့်ဆု(၄)ရ မဟာအောင်မြေမြို့နယ် အလှပြမဏ္ဍပ်နှင့် နှစ်သိမ့်ဆု(၅)ရ မန္တလေးတိုင်း လျှပ်စစ်မိသားစု အလှပြမဏ္ဍပ်တို့ကိုလည်းကောင်း ငွေဖလားနှင့်ဆုငွေများ ချီးမြှင့်သည်။

ဆက်လက်၍ မန္တလေးမြို့တော်ဝန်က မန်းသင်္ကြန် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရ စိုးပိုင်သူ (ရွှေကျောင်းကြီး)၊ ဒုတိယဆုရ ကျော်ကျော်ဝင်းနှင့် တတိယဆုရ မြင့်စိုး (နတ်မောက်) တို့အား ဆုငွေများချီးမြှင့်ပြီး ကော်မတီဝင်(၃) ဦးစောလွင်က နှစ်သိမ့်ဆုရရှိကြသူများအား ဆုများချီးမြှင့်သည်။

ယင်းနောက် ၁၃၆၆ ခုနှစ် မန္တလေး မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်ကို ပုံစံရေးဆွဲပေးသော ဗိသုကာပညာရှင် ဦးဇင်မင်းဆွေ (စီအေဒီ ဆောက်လုပ်ရေး)အား ကော်မတီဝင် (၂) ဒုတိယဗိုလ်မှူးကြီးကျော်ဝင်းက ဂုဏ်ပြုဆုချီးမြှင့်ပြီး ဆုပေးပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြန်လည်ဖျော်ဖြေ

ထို့နောက် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၌ နှစ်စဉ်ပထမဆုရ မန္တလေးခရိုင် ကိုယ်စားပြု မြနန်းမန္တလာအလှပြယာဉ်နှင့် ကျန်ဆုရ အလှပြယာဉ်များက အဆို၊ အတီး၊ အကတို့ဖြင့် ပြန်လည်ဖျော်ဖြေကြသည်။

ည၁၂နာရီတွင် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က အမှာစကားပြောကြားပြီး အနုပညာရှင်များ၊ တေးသံရှင်များ၊ သင်္ကြန်လုပျိုဖြူများက မန်းတောင်ရိပ်ခို သင်္ကြန်တေးသီချင်းကို သံပြိုင်စုပေါင်း သီဆိုဖျော်ဖြေ၍ ပိတ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း သာကေတမြို့နယ် လုံးဆိုင်ရာ ကျက်သရေဆောင် ဖိနမာရ်အောင် စေတီတော်မြတ်ကြီး၏ ဓာတ်တော်တိုက်နှင့် ဂန္ဓကုဋိတိုက် တည်ဆောက်ရန်အတွက်(၇)အရှေ့ရပ်ကွက် အမှတ်(၅၈) အလယ်ခိုင်ရွှေဝါလမ်းနေ ခင်ပွန်း(ဦးယုံချန်းနှင့် သား ဦးမြင့်စိုး) တို့အား ရည်စူး၍ ဇနီး ဒေါ်တင်၊ သား ဦးလှထွန်း-ဒေါ်မြင့်သန်း (ပြည့်စုံစတိုး)မိသားစုတို့က ဧပြီ၈ရက်က ဒုတိယအကြိမ် အလှူငွေကျပ် တစ်ဆယ့်ငါးသိန်း လာရောက်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးလှထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်စဉ်။ (၂၅၈)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရိုးရာမဟာသင်္ကြန်ပွဲတော် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်ဆုချီးမြှင့်

ရန်ကုန် ဧပြီ ၁၈

၁၃၆၆ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ရေသဘင်ပွဲတော် အခါသမယတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၏ နောင်တုံကန်ပတ်လည်၌ ဌာနဆိုင်ရာမိသားစု ရေသဘင်မဏ္ဍပ်များ၊ သင်္ကြန်ယိမ်းအကအဖွဲ့များက သင်္ကြန်အဆို၊ အကများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပကြပြီး သင်္ကြန်ရေပက်ကစားသူများအား စတုဒိသာအကျွေးအမွေးများဖြင့် ကျွေးမွေးဧည့်ခံကြ၍ အထူးစည်ကားလျက်ရှိရာ မြို့ပေါ်သင်္ကြန်မဏ္ဍပ်အသီးသီးသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး၊ တာဝန်ရှိသူများက လှည့်လည်အားပေး၍ မြန်မာ့ရိုးရာအတာသင်္ကြန်ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ပေးအပ်ချီးမြှင့်

မဟာသင်္ကြန်အတက်နေ့ ဧပြီ ၁၆ရက်တွင် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး၊ တာဝန်ရှိသူများသည် ကျိုင်းတုံတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များ၏ ရေသဘင်မဏ္ဍပ်များနှင့် နောင်တုံကန်ပတ်လည်ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ဌာနဆိုင်ရာ မိသားစု ရေသဘင်မဏ္ဍပ်များသို့ လှည့်လည်တက်ရောက်ချီးမြှင့်ပြီး မဟာသင်္ကြန်ပွဲ ပါဝင်ဆင်နွှဲကြကာ တိုင်းမှူးနှင့် ဇနီးတို့က ရေသဘင်မဏ္ဍပ်အလိုက် သီဆိုကပြဖျော်ဖြေကြသော ယိမ်းအဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

သီဆိုဖျော်ဖြေ

ညနေ၅နာရီတွင် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် ဗဟိုမဏ္ဍပ်၌ကျင်းပသည့် ကျိုင်းတုံတပ်နယ်သင်္ကြန်ယိမ်းအကပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးရာ ဆုရယိမ်းအဖွဲ့များက ပြိုင်ပွဲဝင် သင်္ကြန်အဆို၊အကများဖြင့် အလှည့်ကျ သီဆိုကပြ ဖျော်ဖြေကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများက အကပြိုင်ပွဲဆုရ သင်္ကြန်ယိမ်းအဖွဲ့များအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ပြီးနောက် ပြိုင်ပွဲဝင် သင်္ကြန်ယိမ်းအဖွဲ့ ၁၈ဖွဲ့တို့မှ သမီးပျိုလေးများနှင့် တက်ရောက်လာကြသူများသည် မန်းတောင်ရိပ်ခိုသီချင်းဖြင့် ပျော်ရွှင်စွာ သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

စိန်ရတုဝိဇာတပူဇော်ပွဲ

ရန်ကုန် ဧပြီ ၁၈

မုံရွာမြို့ အောင်ချမ်းသာရပ် သဒ္ဓမ္မပဇ္ဇောတာရုံ ကျောင်းတိုက်နှင့် ကျောင်းတိုက်ခွဲခုနစ်တိုက်တို့၏ ဦးစီးပဓာနနာယက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနာဂဝံသ ဆရာတော်ကြီး၏ သက်တော် (၇၅)နှစ်ပြည့် ဝိဇာတပူဇာမင်္ဂလာနှင့် စိန်ရတုကျောင်းတိုက် ရေစက်ချမင်္ဂလာကို ဧပြီ၃၀ရက်မှ မေ၃ရက်အထိ ကျင်းပမည်ဖြစ်ရာ တပည့် သံဃာ၊ ဒါယကာ ဒါယိကာမများ တက်ရောက်ကြည်ညို ပူဇော်နိုင်ကြောင်းသိရသည်။ **(က-ပ)**

ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် ဧပြီ ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက (၄-၁-၂၀၀၅) လွတ်လပ်ရေးနေ့တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုမာရမထေရ်မြတ်အား မဟာဗောဓိ ပရိယတ္တိစာသင်တိုက်၊ ဇေယျာသိဒ္ဓိ ပရိယတ္တိစာသင်တိုက်၊ ဝိဇ္ဇောဒယ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် သာသနာ့အောင်ဗိမာန်(သဲအင်းဂူ) ကျောင်းတိုက်မှ တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့က ဂုဏ်ပြုပူဇော်ပွဲနှင့် သိက္ခာထပ်တင်ပွဲကို ဧပြီ ၂၄ရက်တွင် သုံးခွမြို့ (၄)ရပ်ကွက် သာသနာ့အောင်ဗိမာန် (သဲအင်းဂူ)ကျောင်းတိုက် မင်္ဂလာဓမ္မာရုံ၌ ကျင်းပမည်ဟု သိရသည်။ **(၃၅၂)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ထား

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီးကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။
(၂) နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါး လိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေး ဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဒုတိယရှေ့နေချုပ်ဒေါက်တာထွန်းရှင်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဧပြီ ၁၈

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဧပြီ၁၈ရက်မှ ဧပြီ ၂၅ရက်အထိ ကျင်းပမည့် Eleventh United Nations Congress on Crime Prevention and Criminal Justice အစည်းအဝေးသို့ တက်ရောက်ရန်အတွက် ယမန်နေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံသို့ လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်အဖွဲ့အား ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြညိမ်း၊ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်း ဥပဒေအရာရှိ၊ ရှေ့နေချုပ်ရုံး ရုံးအဖွဲ့မှူးနှင့် တာဝန်ရှိသူများ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ ဒုတိယရဲမှူးကြီးကျော်ဝင်းသိန်းလည်း လိုက်ပါသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့တော်အဆင့်မြင့်စေရေးလုပ်ငန်းများ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့ နံနက် ၉နာရီတွင် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန လမ်းနှင့်တံတားက ရန်ကုန်မြို့တော် အဆင့်မြင့်စေရေး၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ် ဆက်သွယ်သည့် ငမိုးရိပ်ချောင်းဖြတ် သာကေတ သံပေါင်တံတားဟောင်းသို့ ရောက်ရှိရာ အင်ဂျင်နီယာဌာန လမ်းနှင့်တံတားဌာနမှူး ဦးဗိုလ်ဌေးနှင့် လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာများက အရှည်ပေ ၁၀၀၀၊ အကျယ် ၁၃ပေရှိ သာကေတ သံပေါင်တံတားဟောင်းကို သစ်သားကြမ်းခင်းတုံးများ ပြန်လည် ပြုပြင်လဲလှယ်နေမှု၊ ကြာရှည်ခံနိုင်စွမ်းရည်ရှိရန် ပြင်ဆင်နေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

ဆက်သွယ်သွားလာနိုင်မည်

အဆိုပါ သာကေတ သံပေါင်တံတားဟောင်းကို ယခု ဧပြီ ၁ရက်က စတင်ပြင်ဆင်ခဲ့ပြီး ဧပြီလကုန်တွင် ပြီးစီးမည်ဖြစ်ရာ ရန်ကုန်မြို့တွင်း မြို့နယ်များနှင့် သာကေတ၊ ဒေါပုံ၊ သန်လျင်စသည့် မြို့နယ်များသို့ လွယ်ကူလျင်မြန်စွာဖြင့် ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြို့တော်ဝန်သည် ဒေါပုံ နိုင်လွန်ကတ္တရာဖျော်စက်နှင့်ကျောက်ခွဲစက်သို့ သွားရောက်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက မြို့တော်အတွင်းရှိ လမ်းများ ကောင်းမွန်စေရန် အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းခွင်များသို့ ပို့ဆောင်ရန် နိုင်လွန်ကတ္တရာများ စဉ်ဆက်မပြတ် ထုတ်လုပ်ပြီး လုပ်ငန်းခွင်များသို့ အချိန်နှင့်တစ်ပြေးညီ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးနေမှု၊ လိုအပ်သည့် ကျောက်များ ကြိတ်ခွဲနေမှု၊ ကတ္တရာနှင့် ကုန်ကြမ်းပစ္စည်းများ စုဆောင်းသိုလှောင်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ဖြည့်ဆည်းပေး

ထို့နောက် မြို့တော်ဝန်သည် တာမွေမြို့နယ် ဗညားဒလလမ်းတစ်လျှောက် ကျိုက္ကစံလမ်းဆုံနှင့် ဦးချစ်မောင်လမ်းဆုံအကြား စက်ယန္တရားကြီးများဖြင့် လေးလမ်းသွား နိုင်လွန်ကတ္တရာ ထပ်ပိုးခင်းကျင်းနေမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းများကို စနစ်တကျဖြင့် အရည်အသွေး ကောင်းမွန်စေရန် အထူးဂရုပြုဆောင်ရွက်ရေး၊ စက်သုံးဆီ ခြိုးခြံချွေတာရေး၊ အလေအလွင့်မရှိစေရေး၊ လုပ်ငန်းများ သွက်လက်လျင်မြန်စွာ ကြိုးပမ်းဆောင်ရွက်ရေး မှာကြားပြီး တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငွေကျပ် ၅၀ တန် ထီဖွင့်ပွဲ မေ ၁ ရက်၌ ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၁၈

(၁၉၆)ကြိမ်မြောက် ငွေကျပ်(၅၀)တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကို မေ ၁ ရက် နံနက် ၉ နာရီမှစတင်၍ ညနေ ၄ နာရီအထိ အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ထီဖွင့်ပွဲခန်းမဆောင်၌ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

စုစုပေါင်း ၁၉၀၀၅ ဆု

အဆိုပါ ထီဖွင့်ပွဲတွင် ဆုတန်ဖိုးအလိုက်ဆုမဲများမှာ ငွေကျပ်သိန်း (၃၀၀)တစ်ဆု၊ ငွေကျပ်သိန်း (၅၀) ၂၇ဆု၊ ငွေကျပ်(၂၅)သိန်း ရှစ်ဆု၊ ငွေကျပ် ခြောက်သိန်း ၅၅၈ ဆု၊ ငွေကျပ်ငါးသိန်းနှစ်ဆု၊ ငွေကျပ်လေးသိန်း လေးဆု၊ ငွေကျပ်နှစ်သိန်း ၁၆ ဆု၊ ငွေကျပ်တစ်သိန်း ၁၆၂ ဆု၊ ငွေကျပ် ရှစ်သောင်း၂၆ ဆု၊ ငွေကျပ်ငါးသောင်းဆု ၁၆၂၀ ဆု၊ ငွေကျပ်လေးသောင်း ၄၇ဆု၊ ငွေကျပ်နှစ်သောင်း ၃၃၄ဆု၊ ငွေကျပ်တစ်သောင်းဆု ၁၆၂၀၀ ဆု စုစုပေါင်း ၁၉၀၀၅ဆု ဖြစ်သည်။

လာရောက်ထုတ်ယူနိုင်

(၁၉၆)ကြိမ်မြောက် ငွေကျပ်(၅၀)တန် ထီပေါက်သည့်ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို မေ ၆ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး ဆုငွေကျပ်ငါးသိန်းနှင့်အောက် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတွင် လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅ ခုနှစ်) ကြိုဆိုဂုဏ်ပြု လှုံ့ဆော်ရေးမြေစိုက်ပိုစတာများဖွင့်လှစ်ပွဲအခမ်းအနားများကျင်းပ

ရန်ကုန် ဧပြီ ၁၈

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅ ခုနှစ်)အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် **"မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅-ခုနှစ်)"** လှုံ့ဆော်ရေး မြေစိုက်ပိုစတာများ ဖွင့်လှစ်ပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံလှုပ်ရှားမှုအဖြစ် သဃ်န်းကျွန်း၊ မင်္ဂလာတောင်ညွန့်၊ ဗဟန်း၊ ဒဂုံနှင့် မရမ်းကုန်းမြို့နယ်များ၌ ကျင်းပသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအားကစားရုံရှေ့၌ စိုက်ထူထားသည့် လှုံ့ဆော်ရေးမြေစိုက်ပိုစတာဖွင့်ပွဲအခမ်းအနားကို နံနက် ၈နာရီတွင်လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ဘူတာကြီးရှေ့၌ စိုက်ထူထားသည့် လှုံ့ဆော်ရေးမြေစိုက်ပိုစတာ ဖွင့်ပွဲအခမ်းအနားကို နံနက် ၈နာရီ ၁၅မိနစ်တွင်လည်းကောင်း ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တိုင်း၊ ခရိုင်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အလုပ်အမှုဆောင်များ တက်ရောက်ကြပြီး လှုံ့ဆော်ရေးမြေစိုက်ပိုစတာများကို မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ရန်ကုန်တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးကြီးတင်စိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဖဲကြိုးဖြတ်၍ ဖွင့်လှစ်

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင်ရှိ ဗဟန်းမြို့နယ် ဦးထောင်ဗိုလ်ဝိုင်းအနီး၌ စိုက်ထူထားသည့် လှုံ့ဆော်ရေးမြေစိုက်ပိုစတာဖွင့်ပွဲကို နံနက် ၈နာရီ ၂၅မိနစ်တွင် လည်းကောင်း၊ ဒဂုံမြို့နယ် ပြည်လမ်း ပြည်သူ့ရင်ပြင်ရှေ့၌ စိုက်ထူထားသည့် လှုံ့ဆော်ရေးမြေစိုက်ပိုစတာဖွင့်ပွဲအခမ်းအနားကို နံနက်၈နာရီ ၃၅မိနစ်တွင် လည်းကောင်း၊ မရမ်းကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံအနီး၌ စိုက်ထူထားသည့် လှုံ့ဆော်ရေး မြေစိုက်ပိုစတာဖွင့်ပွဲကို နံနက် ၈နာရီ မိနစ် ၅၀တွင်လည်းကောင်း၊ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း မြန်မာကွန်ဗင်းရှင်းစင်တာရှေ့၌ စိုက်ထူထားသည့် လှုံ့ဆော်ရေး မြေစိုက်ပိုစတာဖွင့်ပွဲကို နံနက် ၉နာရီတွင်လည်းကောင်း ကျင်းပရာ တိုင်း၊ ခရိုင်နှင့် မြို့နယ်စစ်မှု ထမ်းဟောင်းအဖွဲ့ အလုပ်အမှုဆောင်များ တက်ရောက်ကြပြီး တိုင်းဥက္ကဋ္ဌက လှုံ့ဆော်ရေးမြေစိုက်ပိုစတာများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(သတင်းစဉ်)**

မဟာသန္တိသုခဓမ္မာရုံ နှစ်သစ်ကူးအထူးတရားပွဲများ

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၂)ရပ်ကွက် အရှေ့ရန်ကင်းရှိ မဟာသန္တိသုခဓမ္မာရုံတွင် နှစ်သစ်ကူး အထူးတရားပွဲများကို ကျင်းပမည်ဖြစ်ရာ ဒေါက်တာ ဘဒ္ဒန္တကောဝိဒ (သာကေတမြို့နယ်၊ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယကဆရာတော်)က ဧပြီ ၂၄ရက်၌ လည်းကောင်း၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) (ဗဟန်းမြို့နယ်၊ နန္ဒဝန်လမ်း၊ မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်)က ၂၅ရက်၌ လည်းကောင်း၊ ဘဒ္ဒန္တဇေယျပဏ္ဍိတ (ဒဂုံမြို့သစ်မြောက်ပိုင်း၊အမှတ်၁၆ရပ်ကွက်၊ မိုးညှင်းသိင်္ဂီကျောင်းတိုက်) က ၂၆ ရက်၌လည်းကောင်း ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ **(က-ပ)**

ဧပြီ၁၀ရက်က သဃ်န်းကျွန်းမြို့နယ် အမက (၁၀) ၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မိဘဆရာ အသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာ ရည် ချွန် ဆု ပေး အပ် ပွဲ တွင် ကျောင်း အကျိုးဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှ (မိဘမေတ္တာ) က စတုတ္ထတန်း ဘက်စုံဆုရ ကျောင်းသူတစ်ဦး အား ဆုချီးမြှင့်စဉ်။
(မြန်မာ့အလင်း)

ဓမ္မဒူတအရှင်ဆေကိန္ဒ နှစ်သစ်ဦးအထူးတရားပွဲ

ရန်ကုန် ဧပြီ ၁၈

ဓမ္မဒါနအလှူရှင် ဒဂုံမြို့သစ်(မြောက်ပိုင်း) ၄၈ရပ်ကွက် စိန္တကျော်သူဦးဩလမ်း အမှတ် ၃၅၅နေ နှစ်ဖက်သောမိဘများ အမှူးထား၍ ကိုအောင်သန်းစိုး-မထွေးထွေးသန်း၊ သား မောင်သီဟဝေဖြိုး မိသားစုတို့က မရမ်းကုန်းမြို့နယ် ပေါက်စေတီကျောင်းတိုက် ရှစ်မိုင်၌ ဓမ္မဒူတ အရှင်ဆေကိန္ဒ၏ နှစ်သစ်ဦး အထူးတရားပွဲကို ဧပြီ ၂၀ရက် ည၇နာရီမှစ၍ ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

တိမ်အသင့်အတင့်

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ရုပ်မြင်သံကြား

၁၉-၄-၂၀၀၅(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၅ ၅။ အကပြိုင်ပွဲ
- ၈:၂၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈:၃၀ ၇။ International News
- ၈:၄၅ ၈။ Happy and Educational English Summer Course MRTV
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
- ၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၇:၃၀ ၇။ ခံစားနားဆင်တေးဓာတ်ဝင်
- ၁၇:၄၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၁၅ ၉။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဝူခုန်း"** (အပိုင်း-၈၆)
- ၁၈:၃၀ ၁၀။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၂။ တေးဂီတအစီအစဉ်
- ၁၉:၂၀ ၁၃။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၁၉:၃၅ ၁၄။ ကြေးမုံရိပ်သွင်တေးနှယ်ဥ
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟေမာန်ဆောင်း၏ ချစ်သံစဉ်"** (အပိုင်း-၁၀)
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

မအူပင်မြို့နယ်အသင်း (ရန်ကုန်) သင်းလုံးကျွတ်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဧပြီ ၁၈

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့်အတူ နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနား၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ၊ မအူပင်မြို့ မြို့ဦး ပေါ်တော်မူစေတီ အသစ်ပြန်လည်တည်ထားခြင်းနှင့် အထွေထွေရောဂါကုဆေးရုံကြီး(မအူပင်)တို့အတွက် အလှူငွေပေးအပ်ပွဲများကို မေ ၇ရက် နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်ဦးရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်များ၊ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ အသင်းဝင်သားသမီးများနှင့် တက္ကသိုလ်ထောက်ပံ့ကြေးလျှောက်ထားလိုသူများသည် ဧပြီ ၃၀ရက် နောက်ဆုံးထား၍ အသင်းရုံး ဖုန်း-၅၀၅၉၇၄နှင့် အမှုဆောင်များထံသို့ ပေးပို့ကြရန်နှင့် နှစ်ပတ်လည်အစည်းအဝေးသို့ ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ၊ အသင်းဝင်များ၊ အသင်းမဝင်ရသေးသူများ၊ မြို့နယ်သူ၊ မြို့နယ်သားများလည်း မိသားစုများနှင့်အတူ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိရသည်။ **(သတင်းစဉ်)**

အမျိုးသားတံခွန်စိုက်ရွက်လှေပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၈

မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၅ ခုနှစ် အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ အင်းလျားကန်ရှိ ရန်ကုန်ရွက်လှေအသင်း မြက်ခင်းပြင်၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ စစ်ဦးစီး အရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမိုးမြင့်၊ အထွေထွေအတွင်းရေးမှူး ဦးမင်းစိန်နှင့် အမှုဆောင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် ညွှန်ကြားရေးမှူးများ၊ ရွက်လှေအားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်၏ ဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲ၌ ဆုရရှိသူများအား ဆုချီးမြှင့်ရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က Optimist Open Class, Optimist Intermediate Class နှင့် Optimist Basic Class တို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား လည်းကောင်း၊ စစ်ဦးစီး အရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်းက International 420 Class တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက Rater Class တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က Sharpie ‘A’ Class တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား လည်းကောင်း၊ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က Sharpie ‘B’ Class တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

အောင်လက်မှတ်ပေး

ထို့နောက် မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က နွေရာသီ ရွက်လှေသင်တန်း(၂/၂၀၀၅)မှ သင်တန်းသားများအား သင်တန်းဆင်း အောင်လက်မှတ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် နာယက ဦးသိန်းထွန်းနှင့် ရန်ကုန် ရွက်လှေအသင်းဥက္ကဋ္ဌ ဒေါက်တာဥမ္မာကျော်တို့က နွေရာသီ ရွက်လှေသင်တန်း (၂/၂၀၀၅)သင်တန်းသားများ ပြိုင်ပွဲ၌ ဆုရရှိကြသူများအား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

(မြန်မာ့အလင်း)

မြင်းစီးအဖွဲ့ချုပ် ပြန်လည်ဖွဲ့စည်းခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၈

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်က ကျင်းပမည့် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား (အလွတ်တန်း)ပြိုင်ပွဲအတွက် စီစဉ်ထားရှိမှုများ၊ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ပြန်လည်ဖွဲ့စည်းခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းမကြီးရှိ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးငြိမ်းကျော်၊ တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်း၊ ဘဏ္ဍာရေးမှူး ဒေါ်ခိုင်ယဉ်မေသန်း၊ စာရင်းစစ် ဦးဉာဏ်လင်းနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော စာနယ်ဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် သတင်းထောက်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား (အလွတ်တန်း)ပြိုင်ပွဲကို ယခုနှစ် ဧပြီ ၃၀ ရက်နှင့် မေ ၁ ရက်တို့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြင်းစီး အားကစားကွင်း (YECC Club)၌ ကျင်းပမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲ၌ တန်းခုံပြိုင်ပွဲ (Show Jumping)နှင့် မြင်းရေးကျွမ်းကျင်မှု အလှစီး (Dressage) ပြိုင်ပွဲများကို အကြီးတန်း၊ အသက်(၂၁)နှစ်အောက်တန်း၊ အသက်(၁၆)နှစ် အောက်တန်းနှင့် အသက်(၁၂)နှစ်အောက်တန်းဟူ၍ အတန်းလေးမျိုးခွဲ၍ ကျင်းပသွားမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ(၂) ဦးငြိမ်းကျော်က ပြိုင်ပွဲကျင်းပမည့် အသေးစိတ်အစီအစဉ်များကို လည်းကောင်း၊ စာရင်းစစ် ဦးဉာဏ်လင်းက မြန်မာနိုင်ငံ မြင်းစီး အားကစားအဖွဲ့ချုပ်၏ လက်ရှိဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်နှင့် ဒုတိယဥက္ကဋ္ဌ(၂) ဦးငြိမ်းကျော်တို့က မြန်မာနိုင်ငံ မြင်းစီး အားကစားအဖွဲ့ချုပ်မှ မြန်မာမြင်းစီး အားကစားသမားများအနေဖြင့် နိုင်ငံတကာပြိုင်ပွဲများတွင် အောင်ပန်းဆင်ခဲ့မှု၊ ကြုံတွေ့ရသည့် အခက်အခဲများနှင့် ကျော်လွှားအောင်မြင်နိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပြန်လည်ပြောကြား

ယင်းနောက် စာနယ်ဇင်းများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည် ဖြေကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ မြန်မာနိုင်ငံ မြင်းစီး အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား (အလွတ်တန်း) ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသော မြင်းစီး အားကစားသမားများသည် ဧပြီ ၂၅ ရက် ညနေ ၄ နာရီခွဲ နောက်ဆုံးထား၍ မြင်းစီး အားကစားကွင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) ဖုန်း-၅၈၄၉၆၂ သို့ စုံစမ်းမေးမြန်း အမည်စာရင်း ပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်ဂေါက်အသင်းတွင် တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဧပြီ ၁၈

ရန်ကုန်ဂေါက်အသင်း (တညင်းကုန်း)တွင် ဧပြီ ၁၆ ရက် ညနေ ၄ နာရီ ၂၅ မိနစ်က ကစားဖော်များဖြစ်သော ဗိုလ်မှူးကြီးစိန်တင်ဝင်း၊ ဦးကြိုင်စန်းရွှေ၊ ဦးသာဦးနှင့် ဦးခင်မောင်ဌေး တို့နှင့်အတူ ဂေါက်သီးရိုက်ကစားရာ ဒေါက်တာအမ်ဂျာနော်(ဆေးရုံအုပ်ကြီး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံ၊ ရန်ကုန်မြို့)သည် ကျင်းအမှတ် (၁၁)ကို (၁၆၂)ကိုက်အကွာမှ PRECEPT No.22 ဘောလုံးအား PING IRON No.8 တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းလွန်ကျောင်းတွင် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးထွန်းဖွားက စတုတ္ထတန်းမှ မနန်းမြတ်မြတ်နွယ်နိုင်အား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။ (မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

အေစီမီလန်က အဝေးကွင်း၌ ဆီနာကိုရှုံးနိမ့်ပြီး ဒုတိယနေရာဆင်း ဂျူဗင်းတပ်စ်က လက်ချီကို ဂိုးမိုးရွာပြီးအနိုင်ယူကာ ထိပ်ဆုံးတက်

ရောမ ဧပြီ ၁၈

အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၁)ကို ဧပြီ ၁၇ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဂျူဗင်းတပ်စ်၊ အင်တာမီလန်၊ လာဇီယိုတို့ နိုင်ပွဲများရရှိခဲ့ကြသော်လည်း စီးရီးအေထိပ်သီး အေစီမီလန်တို့ အဝေးကွင်း၌ ဆီနာကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သဖြင့် တန်းစီဇယား ထိပ်ဆုံးနေရာကို ဂျူဗင်းတပ်စ်အား လွှဲပြောင်းပေးလိုက်ရပြီ ဖြစ်သည်။

ဂျူဗင်းတပ်စ် ဂိုးမိုးရွာ

ချန်ပီယံလိဂ် ကွာတားအဆင့်မှ ထွက်ခဲ့ရသော ဂျူဗင်းတပ်စ်တို့ မိမိကွင်း ဒယ်လီအယ်ပီ၌ ဧည့်သည် လက်ချီကို ဂိုးမိုးရွာနိုင်ခဲ့သည်။ သို့သော်လည်း ပွဲအစ ၇ မိနစ်မှာပင် လက်ချီ တိုက်စစ်မှူး အလက်ပီနာဒီ ကန်သွင်းသည့် ဘောလုံးကို ဂျူဗင်းတပ်စ် ဂိုးသမား ဘက်ဖွန်းပုတ်ထုတ်ကာကွယ်လိုက်ရာ ယင်းဘောလုံးအား တိုက်စစ်မှူး မီယာကိုဗြူစီနစ် ပြေးဝင်ကန်သွင်းယူခဲ့သဖြင့် လက်ချီတို့ ဖွင့်ဆော်ဦးဂိုး စတင်ရရှိသွားခဲ့သည်။

မမျှော်လင့်ဘဲ အဖွင့်ဂိုး စောစီးစွာ ပေးလိုက်ရသဖြင့် ဂျူဗင်းတပ်စ်တို့ တိုက်စစ်ဖွင့်ပြီး လျင်လျင်မြန်မြန် ပြန်လည်ထိုးဖောက်ကစားရာ ၁၆ မိနစ်တွင် ဂျူဗင်းတပ်စ် ကွင်းလယ်ကစားသမား စတီဖင်အပီယာဂ်က ချေပဂိုး သွင်းယူပေးခဲ့သဖြင့် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်နေသည်။

နက်ဗက်၊ ကာမိုရာနီစီနှင့် သူရမ်တို့က တိုက်စစ်ကို ဝိုင်းဝန်းပူးပေါင်းကာ ထိုးဖောက်ကစားမှုကြောင့် ၃၄ မိနစ်တွင် ဂျူဗင်းတပ်စ်တိုက်စစ်မှူး အီဘရာဟီမိုဗစ်က အပီယာဂ် ပေးလိုက်သည့် ဘောလုံးကို ကန်သွင်းယူခဲ့သဖြင့် ဒုတိယဂိုး ရရှိခဲ့သည်။ ဂျူဗင်းတပ်စ်တို့ ဆက်တိုက်ဖိကစားထားရာ လက်ချီနောက်တန်း ကြိုးစားကာကွယ်သော်လည်း မထိန်းနိုင်ဘဲရှိရာမှ ၄၃ မိနစ်တွင် လက်ချီဂိုးဧရိယာအတွင်း ရှုပ်ယှက်ခတ်နေသည့်ကြားမှ အီဘရာဟီမိုဗစ်က သူ၏ ဒုတိယမြောက်ဂိုးကို ထပ်မံသွင်းယူခဲ့သည်။ ပထမပိုင်း ပွဲချိန်အတွင်းမှာပင် ဂျူဗင်းတပ်စ်တို့ သုံးဂိုး သွင်းထားနိုင်ပြီး ဒုတိယပိုင်းတွင်လည်း အပေးအယူမှန်မှန်ဖြင့် ကစားကွက်စီးထားနိုင်ရာ ၅၆ မိနစ်တွင် နက်ဗက်က တစ်ဂိုး ထပ်မံသွင်းယူခဲ့ပြန်သည်။

ဂျူဗင်းတပ်စ်တို့ မနားတမ်း ထိုးဖောက်ဂိုးသွင်းမှုကြောင့် လက်ချီတို့ ကစားကွက်တည်မရဘဲရှိရာ ၈၂ မိနစ်တွင် ဂျူဗင်းတပ်စ် တိုက်စစ်မှူး အီဘရာဟီမိုဗစ်က ညာခြေဖြင့် အပြင်းကန်သွင်းယူခဲ့သဖြင့် ဂိုးဝင်သွားရာ ဂျူဗင်းတပ်စ်တို့ ငါးဂိုး သွင်းယူနိုင်ခဲ့ပြီး အီဘရာဟီမိုဗစ် သုံးဂိုးသွင်းယူကာ ဟက်ထရစ်ရယူနိုင်ခဲ့သည်။ ဂျူဗင်းတပ်စ်သည် ယခုပွဲ အနိုင်ရရှိခဲ့သဖြင့် တန်းစီဇယား

ထိပ်ဆုံးသို့ တက်ရောက်လာခဲ့ပြီ ဖြစ်သည်။

အေစီမီလန် ရှုံးပွဲကြုံရ

အေစီမီလန်တို့ ချန်ပီယံလိဂ်၌ ဆီမီးတက်နိုင်သော်လည်း စီးရီးအေတွင် တန်းဆင်းဇုန်နားကပ်နေသော ဆီနာကို အဝေးကွင်း၌ မမျှော်လင့်ဘဲ ရှုံးနိမ့်ခဲ့ရသည်။ အေစီမီလန်က ရှက်ချင်ကို၊ ခရက်စပို၊ ကော့စတာနှင့် ကာကာတို့ကို ရှေ့တန်းတိုက်စစ်တွင် အင်အားပြည့်ထားရှိပြီး ကစားသလို နောက်တန်းတွင်လည်း ကာဖူး၊ ကာလက်၊ မာလ်ဒီနီနှင့် ဂျပ်စတမ်းတို့အား ခံစစ်ကြောင်းကို တာဝန်ယူစေခဲ့သဖြင့် တောင့်တင်းခိုင်မာလျက်ရှိသည်။

အေစီမီလန်တို့ အဖွင့်ဂိုး စောစီးစွာရရှိရေး ကြိုးစားသော်လည်း တိုက်စစ်မှူးများက ကန်ချက်လွဲချော်နေမှုနှင့် ဆီနာတို့ စုပြုံပိတ်ဆို့ ကစားနေမှုတို့ကြောင့် ၆၃ မိနစ်မှသာ ခရက်စပိုက အေစီမီလန်အတွက် အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ သို့သော်လည်း ဆီနာအသင်းက တန်ပြန်တိုက်စစ်မှတစ်ဆင့် ၇၂ မိနစ်တွင် ဆီနာတိုက်စစ်မှူး ချဲ့လ်ဆာက ချေပဂိုးသွင်းယူခဲ့ပြီး အနိုင်ဂိုးကို ၈၆ မိနစ်တွင် ဆီနာမှ ကိုဇာက

ဂျူဗင်းတပ်စ်နှင့် လက်ချီတို့ ပွဲတွင် ဂျူဗင်းတပ်စ်မှ ဒယ်လ်ပီယာရို(၁၀) ထိုးဖောက်ကစားမှုကို လက်ချီမှ ဆောလေမာနီ ဟန့်တားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အေစီမီလန်ဂိုးသမား ဒီဒါကိုကျော်ပြီး သွင်းယူခဲ့သဖြင့် အေစီမီလန်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။ ယခုပွဲ အေစီမီလန်တို့ ရှုံးခြင်းသည် အိမ်ကွင်း၌ နှစ်ပွဲမြောက် ရှုံးနိမ့်သည့်ပွဲဖြစ်ပြီး ဂျူဗင်းတပ်စ်ကို တန်းစီဇယားထိပ်ဆုံးနေရာ ပေးလိုက်ရသလို သုံးမှတ်ပြုတ်သွားခဲ့ပြီ ဖြစ်သည်။

အင်တာမီလန် နိုင်ပွဲရ

အိမ်ကွင်း ဆန်ဆီရို၌ အင်တာမီလန်တို့ နိုင်ပွဲရရှိခဲ့သဖြင့် တန်းစီဇယား၌ တတိယနေရာကို ခိုင်မြဲစွာ ရရှိနေဆဲပင် ဖြစ်သည်။ အင်တာမီလန်မှ မာတင်၊ ခရစ်၊ ဗီရွန်နှင့် ဂွန်ဇာလက်တို့၏ အတွဲညီညီ ထိုးဖောက်မှုကို ကာဂလီရာရီတို့ ပထမပိုင်း ပွဲချိန်များတွင်သာ ထိန်းထားနိုင်ခဲ့သော်လည်း မိနစ် ၄၀ တွင် ဇီမာရီရာက တစ်ဂိုးနှင့် ၆၅ မိနစ်တွင် တိုက်စစ်မှူး မာတင်က တစ်ဂိုးသွင်းယူခဲ့သဖြင့် အင်တာမီလန်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ အင်တာမီလန်တို့ ယခုပွဲ အနိုင်ရရှိခဲ့သဖြင့် ၅၆ မှတ်ဖြင့် တတိယနေရာတွင်ရှိနေသော်လည်း ဒုတိယနေရာမှ အေစီမီလန်နှင့် ၁၁ မှတ်ကွာနေဆဲပင်ဖြစ်သည်။

အခြားပွဲရလဒ်များ

ဘိုလော့နာ	၁-၂	လာဇီယို
ဘရက်ရှား	၁-၀	အတ္တလန္တာ
ချီယေးဗို	၂-၀	ပါးမား
လီဗော်နို	၂-၀	ဖီအိုရင်တီးနား။

(အင်တာနက်)

ထိုးဖောက်ကစားဟန်

စီးရီးအေ ပွဲစဉ်(၃၁)အဖြစ် ဆီနာနှင့် အေစီမီလန်တို့ပွဲတွင် အေစီမီလန်မှ ကာကာ၏ ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံ-အင်တာနက်)

စိန္တာမုနိစေတီတော်အတွက် အဝီစိရေတွင်းလှူဒါန်း

ရန်ကုန် မေ ၁၈

ညောင်ဦးမြို့နယ် စဉ့်ကူမြို့ မြို့ကုန်းရပ်ကွက်ရှိ သမိုင်းဝင်ဆုတောင်းပြည့် စိန္တာမုနိစေတီတော်အား ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်)က ကြီးမှူး၍ ဘက်စုံပြုပြင် တည်ဆောက်လျက်ရှိရာ စိန္တာမုနိစေတီတော်အတွက် အဝီစိရေတွင်းနှင့် ရေစုပ်စက်အတွက် အလှူငွေကျပ် လေးသိန်းငါးသောင်းပေးအပ်လှူဒါန်းပွဲကို မြန်မာနှစ်ဆန်း ၁ရက် (မေ ၁၇ရက်)တွင် အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် ဝါခင်းတောင်ကျောင်းတိုက် မနောမယဆွမ်းစားကျောင်း၌ ကျင်းပရာ အလှူရှင်အလုံမြို့နယ်နေ ဦးဝင်းလွင်-ဒေါ်အေး(ခ)ဒေါ်အေးမြင့်စိန်၊ သား မောင်ကျော်ဇင်ထွန်း၊ သမီး မအေးမီလွင်၊ မသူသူလွင်၊ မနိုးနိုးလွင် မိသားစုက အလှူငွေကျပ် ၄၅၀၀၀၀ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာတရားပွဲ

ရန်ကုန် မေ ၁၈

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ-အုံကြီး)က မေ ၂၁မှ ၂၇ရက်အထိ ပုဇွန်တောင်မြို့နယ် (၅၅)လမ်းရှိ မာဃလုလင်ဓမ္မာရုံ၌ ည ၇နာရီမှ ည ၈နာရီခွဲအထိ လည်းကောင်း၊ မေ ၂၄ရက်မှ ၃၀ရက်အထိ သာကေတမြို့နယ် (၂)တောင်ရပ်ကွက် ရန်အောင်မြင်ဓမ္မာရုံ၌ ညနေ ၅နာရီခွဲမှ ည ၇နာရီအထိလည်းကောင်း၊ မေ ၁ ရက်မှ ၇ရက်အထိ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံ၌ ညနေ ၆နာရီခွဲမှ ည ၈နာရီအထိ လည်းကောင်း ကိုယ်တွေ့ဉာဏ်မြင် ခန္ဓာဉာဏ်ရောက် ဟောပြောပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

SUCCESS LANGUAGE ACADEMY

ENGLISH SPEAKING 2 or 3 MONTHS

GRAMMAR (Foundation) 7 May 10:00-12:00

Pre-Inter 2 May 3:30 - 5:00 2months

GAIN CITY

မထက်ထက်နှင့် အများသိစေရန်

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်၊ မြနန္ဒာလမ်းသွယ်၊အမှတ် ၃၅၉(ဂ)နေ ဦးသန်းထူးလူ RGN-023438 နှင့် ဒေါ်ဝေဝေမောင် E/RGN-003266 တို့၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်တို့၏သမီးဖြစ်သူ မထက်ထက် ၁၂/ဒဂန(နိုင်)၀၀၁၂၆၆ သည် မိဘများ၏ဆိုဆုံးမခြင်းကို လိုက်နာခဲ့ခြင်းမရှိသည့်အပြင် လုံးဝခွင့်မလွှတ်နိုင်သောကိစ္စကို ပြုလုပ်ခဲ့သောကြောင့် ကျွန်ုပ်၏အမှုသည်များက ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။

ထို့ကြောင့် မထက်ထက် ပြုလုပ်ခဲ့သော ကိစ္စရပ်များသည် ကျွန်ုပ်၏အမှုသည်များနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ညွှန်ကြားချက်အရ-

ဒေါ်သန်းသန်းစိန်
ဒေါ်စန္ဒာဝင်း
အထက်တန်းရှေ့နေများ

ဦးထင်အောင်
တရားရုံးချုပ်ရှေ့နေ
အမှတ်(၈၃/၁၁)၊ဒုတိယထပ်၊ပန်းဆိုးတန်းလမ်း(၄)ရပ်ကွက်၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၃၇၇၂၇၆။

မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန်

မြန်မာ့မာန်ကုမ္ပဏီလီမိတက်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော **သုခစုံ** **ပြည်ပအလုပ်အကိုင်ရှာဖွေရေး ကုမ္ပဏီ** မှ မလေးရှားနိုင်ငံ **Chia Seek Hoong** ကုမ္ပဏီတွင် အထွေထွေလုပ်သားများ လိုအပ်နေပါသည်။

(၁) အသက်(၂၁)နှစ်မှ(၃၈)နှစ်အတွင်း အမျိုးသားဖြစ်ရမည်။
(၂) လိုအပ်သောဦးရေ(၂၅)ဦး
(၃) သုံးနှစ်ကန်ထရိုက်သက်တမ်းပြည့်အောင်လုပ်နိုင်ပြီး ကျန်းမာရေးကောင်းမွန်ရမည်။
(၄) အခြေခံလစာ တစ်ရက်လျှင် (၂၇)ရင်းဂစ်ဖြင့် (၂၆)ရက် အလုပ်လုပ်ရက်ရှိမည်။ မလေးရှားဥပဒေအရ သတ်မှတ်နှုန်းအတိုင်း အချိန်ပိုလုပ်ခွင့် ရရှိနိုင်ပါသည်။
(၅) တစ်လအတွင်း လျှောက်ထားနိုင်ပါသည်။
(၆) ဝန်ဆောင်ခ ကျပ်ခြောက်သိန်းငါးသောင်း ဖြစ်ပါသည်။

နိုင်ငံကူးလက်မှတ် (Passport) မရှိသေးသူများလည်း လျှောက်ထားနိုင်ပါသည်။
နယ်မှလာသူများအတွက် အလုပ်စလျှောက်ချိန်တွင် အခမဲ့တည်းခိုရန် စီစဉ်ပေးမည်။

ဆက်သွယ်ရန်- **သုခစုံ** ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ
အမှတ်(၁၀၇)မြေညီ၊ ဆိပ်ကမ်းသာလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၅၃၂၉၈၊ ၂၅၃၉၅၆၊ ၃၈၆၈၇၇။

Wellness

SINCE - 1986

MOTHERLAND GROUP CONSTRUCTION Co;Ltd.

CONSTRUCTION, DECORATION, RENOVATION & SALE CENTRE.

MOTHERLAND

MOTHERLAND GROUP CONSTRUCTION Co;Ltd.

MOTHER LAND CONSTRUCTION MOTHERLAND GROUP CONSTRUCTION Co;Ltd.

(Sunshade)

PAE

Wall Sheet Paper Covering

Steel Structure Building

Ph: 204058, 245029/394822, 248912, 382952.

Fax : 204058. E-mail : utm@whitecloud.com.mm Website : www.motherlandconstruction.com

ပွံ့ဖြိုးဝေဆာ တိုင်းဥသျှာ

ဟသ်ာအတိတ်၊ ဆင်းလာဟိတ်ကြောင့်
သွင်းနိုပ်သြဘာ၊ အဏ္ဏဝါလွှမ်း
ရံကာဝန်းသည်၊ ဟံသာကျွန်းဟု
မော်ကွန်းတတွေ၊ ပဝေသဏီ
အခြေချီလျှင်၊ ရေနဒီလျှမ်း
ပုလဲအရောင်၊ တခဲပြောင်သည်
သဲသောင်နန်းထက်၊ လင်ပန်းပဲနောက်
သံကောက်ဆုံးမြင်၊ သုံးလွှန်းတင်သောကြောင့်
ဘုရင်သုံးမျိုး၊ လက်လှယ်ခံ၍
ဆက်စံစိုးသော၊ ပဲခူးမြို့ဟုခေါ်သည်။ ။

(ရွှေမော်ဓောဘုရားသမိုင်းမှ)

ပဲခူးကို လူတို့နှုတ်ဖျားတွင် "ပဂိုး"ဟူ၍ ခေါ်လေ့ရှိကြသည်။ ဘုရင့်နောင်မင်းတရားကြီးနန်းစံရာ သမိုင်းဝင် ကမ္ဘောဇသာဒီနန်းတော်ကြီး တည်ရှိသည်။ တပင်ရွှေထီးနှင့် ဘုရင့်နောင်မင်းတို့ စတင်စိုးစံရာ ကေတုမတီခေါ် တောင်ငူမြို့နှင့် သရေခေတ္တရာခေါ် ပြည်မြို့စသည့် သမိုင်းဝင် ထင်ရှားသော မြို့ကြီးများသည် ပဲခူးတိုင်းအတွင်း၌ တည်ရှိသည်။

ပဲခူးတိုင်းသည် မြေနိမ့်လွင်ပြင်ဖြစ်သည်။ ပဲခူးရိုးမတောင်တန်းသည် တောင်နှင့်မြောက်တန်းလျက် ပဲခူးတိုင်း၏ကျောရိုးသဖွယ် ရှိနေသည်။ အရှေ့ဘက်ခြမ်းတွင် စစ်တောင်းမြစ်ဝှမ်းရှိပြီး အနောက်ဘက်ခြမ်းတွင် ဧရာဝတီမြစ်ရှိနေသည်။ ရန်ကုန်တိုင်းနှင့် ဆက်စပ်နေပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် လူနေစည်ကားသောတိုင်း ဖြစ်သည်။

ပဲခူးတိုင်းသည် ဧရိယာ၂၄၇၉၄စတုရန်းမိုင်ကျယ်ဝန်းပြီး မြို့နယ်၂၈မြို့နယ်နှင့် ကျေးရွာပေါင်း၁၆၂၃ရွာ ရှိသည်။ လူဦးရေ၅ဒသမ၅သန်းကျော် နေထိုင်လျက် ဗမာ၊ မွန်၊ ကရင်၊ ရှမ်း၊ ချင်း၊ ရခိုင်၊ ပအိုဝ်းစသော တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသည်။ ပဲခူးတိုင်းနှင့်နယ်ချင်းစပ်လျက်ရှိသည့်ဒေသများမှာ မြောက်ဘက်၌ မကွေးတိုင်းနှင့်မန္တလေးတိုင်း၊ အရှေ့ဘက်တွင် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်၊ တောင်ဘက်တွင် ရန်ကုန်တိုင်း၊ အနောက်ဘက်တွင် ဧရာဝတီတိုင်းနှင့်ရခိုင်ပြည်နယ်တို့ တည်ရှိကြသည်။

ပဲခူးရိုးမသည် မမြင့်လွန်း၊ မနိမ့်လွန်းသော တောင်တန်းငယ်ဖြစ်ပြီး ကျွန်း၊ ပျဉ်းကတိုး၊ အင်၊ အင်ကြင်း၊ ပိတောက်စသော အဖိုးတန်သစ်များ ထွက်သည်။ ပဲခူးရိုးမသစ်တောများသည် နိုင်ငံတော်၏စီးပွားရေးကို အထောက်အကူပြုလျက် ရှိသည်။ သစ်တောကြိုးဝိုင်းဧရိယာမှာလည်း ၅၁၁၇ စတုရန်းမိုင်အထိ ကျယ်ပြန့်စွာ တည်ရှိသည်။

ပဲခူးတိုင်းသည် စိုက်ပျိုးရေးဘက်တွင် ဖွံ့ဖြိုးတိုးတက်မှု များစွာရှိသည်။ မြေသြဇာကောင်းမွန်သည့် ချောင်း၊ကမ်းပါး၊မြစ်ဝှမ်းနှင့် မြေနုကျွန်းများသည် ဆန်စပါး၊မြေပဲ၊ပဲမျိုးစုံ၊ဂုန်လျှော်၊မြန်မာ့ဆေးနှင့် ကြံစသည့် သီးနှံတို့ ကောင်းစွာဖြစ်ထွန်းသည်။ ပဲခူးကွင်းသည် ဆန်စပါးစိုက်ပျိုးရာတွင် လယ်ကွက်များ တစ်မျှော်တစ်ခေါ်ကျယ်ပြန့်စွာ အကြီးအကျယ်စိုက်ပျိုးရာနယ်မြေအဖြစ် ကျော်ကြားထင်ရှားသည်။ တိုင်း၏ အဓိကစီးပွားရေးလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးဖြစ်သည်။ စိုက်ပျိုးမြေဧရိယာ ဧက၃၁သိန်းခန့်ရှိသည်။ ပဲခူးတိုင်းသည် ဧရာဝတီတိုင်းပြီးလျှင် ဒုတိယစပါးအထွက်ဆုံး တိုင်းဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်း၏အသက်သွေးကြောဖြစ်သည့် ဆည်မြောင်း၊ တာတမံနှင့် ရေနုတ်မြောင်းများကိုလည်း ဖောက်လုပ်ပေးထားသည်။ ပြည်မြို့အနီးတွင် မြောက်နဝင်းဆည်ကြီးက ကြီးမားစွာတည်ရှိသည်။

ပဲခူးတိုင်းတွင် ဆည်တမံလုပ်ငန်းပေါင်း၄၀၊ မြစ်ရေတင်စီမံကိန်း ၅၅ခု၊ အခြားရေရရှိရေး လုပ်ငန်းများ ပေါင်းစုပြီး အကျိုးပြုဧရိယာဧက ၁၅ သိန်းအထိ တိုးတက်လာအောင် ဖော်ဆောင်နိုင်ခဲ့သည်။ မြစ်ရေတင်လုပ်ငန်း ၅၅ခု၊ ချောင်း၊မြောင်း၊ တမံပိတ်ဆို့မှု ၁၂၀၆၃၊ မြေအောက်ရေတွင်း ၇၀၉၃ တို့ဖြင့် ထပ်မံအားဖြည့် တည်ထားနိုင်ခဲ့သည်။ မိုးစပါးဧက ငါးသိန်းခွဲ၊ နွေစပါးဧက တစ်သိန်းခုနစ်သောင်းခွဲကျော် တိုးတက်စိုက်ပျိုးနိုင်ခဲ့သည်။ ပဲမျိုးစုံဧက ၁၃ သိန်း၊ ဆီထွက်သီးနှံစိုက်ဧက သုံးသိန်းကျော်၊ ရော်ဘာစိုက်ဧက ငါးသောင်းကျော်ဖြင့် နိုင်ငံခြားငွေရှာဖွေပေးလျက်ရှိသည်။ ခပေါင်းနှင့် ဝေါမြို့နယ်၌ ဧကလေးသောင်း အကျိုးပြုမည့် မိုးယွန်းကြီးရေလှောင်တမံမှာ ရေပေးဝေလျက်ရှိသည်။

ပဲခူးတိုင်းအတွင်းရှိ တောင်သူလယ်သမားများသည် စပါး၊ ငါး တွဲဖက်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိကြောင်း တွေ့ရှိရသည်။

ပြည်တောင်တန်းတွင်ရေနံမြေနှင့်ရတနာတမ်းဝင်ကျွန်းစိုက်ခင်းများတစ်မျှော်တစ်ခေါ်တည်ရှိသည်။ ဧရာဝတီမြစ်ကူး နဝဒေးတံတားကြီးနှင့် မြတ်စွာဘုရားသက်တော်ထင်ရှားရှိစဉ်က ကြွမြန်းတော်မူရာ ဖိုးဦးတောင် (ဖဝါးဦးတောင်)နှင့် ပြည်တစ်ဖက်ကမ်းရှိမြန်မာ့အကြီးစားစက်မှုလုပ်ငန်းတို့မှာလည်း ထင်ရှားသည်။

ဆန်စက်၊ သစ်စက်နှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တိုင်းအတွင်း အမြောက်အမြားတည်ရှိသည်။ ပြည်မြို့တစ်ဖက်ကမ်းရှိ ဆင်တဲစက်မှုလက်မှုအကြီးစားစက်ရုံမှ လယ်ထွန်စက်များ၊ စပါးစိုက်စက်၊ စပါးခွဲချွတ်စက်၊ ကောက်စိုက်စက်၊ ကောက်ရိတ်စက်၊ စပါးလှေ့စက်၊ ရေစုပ်စက်၊ ပိုးသတ်ဆေးဖျန်းစက် စသည်တို့ကို ထုတ်လုပ်လျက်ရှိပြီး စက်မှုလယ်ယာအတွက် အထောက်အကူပြုနေပေသည်။

မူလတန်းလွန်ကျောင်း ၅၇၈ ကျောင်း၊ အလယ်တန်းကျောင်း ၁၁၉ ကျောင်း၊ အထက်တန်းကျောင်း ၁၃၂ ကျောင်း၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်နှစ်ခုနှင့် ဒီဂရီကောလိပ်တစ်ခု ဖွင့်လှစ်ထားသည်။ အခြေခံပညာ ကျောင်းသားအင်အားရှစ်သိန်းနီးပါးနှင့် အဆင့်မြင့်ပညာသင်ယူသူ ခြောက်သောင်းကျော်ရှိနေသည်။

စာရေးသူတို့သည် ရွှေကျင်မြို့ရှိ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်လေ့လာခဲ့သည်။ ပဲခူးတိုင်း ရွှေကျင်မြို့ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီး၌ တည်ဆောက်လျက်ရှိသည့် ရွှေကျင်ရေအားလျှပ်စစ် စီမံကိန်းကြီးသို့ နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီး သန်းရွှေ ၂၀၀၅ ခုနှစ် မတ်လ ၁၁ရက်နေ့က ရောက်ရှိစဉ်-

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

"မကြာမီ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးသွားသည့်အခါ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးလာမည့် အခြေအနေကောင်းများလည်း ရှိနေကြောင်း၊ ဤဒေသသည် စစ်တောင်းမြစ်၏ အရှေ့ဘက်ကမ်း၌ အချက်အချာကျသည့် ဒေသဖြစ်၍ ဤဒေသဖွံ့ဖြိုးတိုးတက်သွားပါက ဆက်စပ်နေသော ပတ်ဝန်းကျင် ကျေးလက်ဒေသများသည်လည်း ဖွံ့ဖြိုးသွားမည်ဆိုသည့် မျှော်မှန်းချက်ဖြင့် နိုင်ငံတော်အပိုင်းက လိုအပ်သည်များကို ယခုကဲ့သို့ ဖြည့်ဆည်းလုပ်ကိုင်ပေးနေခြင်းဖြစ်ကြောင်း။"
ဟူ၍ မှာကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မြန်မာအင်ဂျင်နီယာများသည် အစွမ်းကုန် ကြိုးစားဆောင်ရွက်နေကြသည်။ အမိမြေက အမွေပေးထားသော ရေအားလျှပ်စစ်ဓာတ်အား ထုတ်ယူ အသုံးပြုမှု အချိုးအစားသည် ယခုအခါ ရှစ်ပုံတစ်ပုံမျှသာ အသုံးပြုနေပေသေးသည်။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းကို ရွှေကျင်ချောင်းပေါ်၌ တည်ဆောက် အကောင်အထည်ဖော်နေခြင်းဖြစ်ပြီး ၁၈ဒသမ ၇၅မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် စက်လေးလုံး တပ်ဆင်ကာ လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ် ထုတ်ယူနိုင်မည့် စီမံကိန်းဖြစ်သည်။

ရွှေကျင်မြို့နယ် ပြည်သူ့ဆေးရုံကိုလည်း (၁၆)ခုတင်ဆံ့မှ ခုတင်(၁၀၀)ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးခဲ့သည်။

စာရေးသူတို့ အုတ်တွင်းမြို့နယ်သို့ ရောက်ရှိခဲ့သည်။ အုတ်တွင်းမြို့နယ် ခပေါင်းချောင်းပေါ်တွင် တည်ဆောက်နေသည့် ခပေါင်းရေလှောင်တမံကို လေ့လာတွေ့ရှိခဲ့သည်။ ခပေါင်းရေလှောင်တမံသည် စီမံကိန်းအရ တမံအလျား ပေ၉၂၀၊ တမံအမြင့်ပေ ၂၀၀ရှိ မြေသားတမံ တည်ဆောက်သွားမည်ဖြစ်သည်။ စီမံကိန်း အကောင်အထည်ဖော်မှုကြောင့် လယ်မြေဧရိယာ ဧကတစ်သိန်းကို ရေပေးသွင်း စိုက်ပျိုးနိုင်မည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၃၀ထုတ်ယူရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပဲခူးတိုင်းအနေဖြင့် ရေ၊ မြေ၊ သယံဇာတ အရင်းအနှီးများကို တန်ဖိုးမြှင့်တင်အသုံးချရေးကိစ္စ၊ သီးနှံအလိုက်အထွက်နှုန်းတိုးတက်ရေးကိစ္စ၊ ရော်ဘာ၊ လက်ဖက်၊ ကော်ဖီ၊ ဖာလာ၊ ငရုတ်ကောင်းတို့ကို တိုးချဲ့စိုက်ပျိုးရေးကိစ္စ၊ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးကိစ္စတို့ကို အလေးအနက်ထား ဆက်လက်အကောင်အထည်ဖော်ရန်၊ ထို့ပြင် မိုးစပါးစိုက်ဧက သိန်း၃၀အထိ တိုးချဲ့စိုက်ပျိုးနိုင်ရန်၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လေးစား လိုက်နာပြီး ပြည်သူများအား အလုပ်အကျွေးပြုသွားရန်၊ နိုင်ငံတော်၏ စီးပွားရေးအရ အားထားရသော တိုင်းကြီးဖြစ်လာစေရန် ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်နေကြသည်။

စာရေးသူတို့သည် ဖြူးမြို့နယ်သို့ ရောက်ရှိခဲ့သည်။ ဖြူးချောင်း ရေလှောင်တမံဘက်စုံ စီမံကိန်းသို့ ရောက်ရှိ လေ့လာခွင့်ရသဖြင့် ပင်မတမံကြီးကို မြင်တွေ့ခဲ့ရသည်။ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)နှင့် ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေးတို့က လုပ်ငန်းကဏ္ဍအလိုက် တာဝန်ယူတည်ဆောက်နေသည်။

ဖြူးချောင်း ရေလှောင်တမံဘက်စုံစီမံကိန်း ဆောင်ရွက်ပြီးစီးပါက အုတ်တွင်းမြို့နယ်အတွင်းရှိ လယ်မြေဧက တစ်သိန်းခန့်ကို စိုက်ပျိုးရေပေးဝေနိုင်ပြီး ရေအားလျှပ်စစ်မဂ္ဂါဝပ်၄၀ ရရှိမည်ဖြစ်သည်။

ဖြူးမြို့နယ် ဖြူးမြို့အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းပေါ်၌ ကွန်းချောင်းရေအား လျှပ်စစ်စီမံကိန်းကို ဖော်ဆောင်လျက် ရှိသည်။ ကွန်းချောင်း ရေအားလျှပ်စစ် စီမံကိန်းကို ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၃) တည်ဆောက်ရေးအဖွဲ့က တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ပြီး ဆည်မြောင်းဦးစီးဌာနက ရေလွှဲဆည် လုပ်ငန်းနှင့် ဆည်ရေသောက်စနစ် တည်ဆောက်ခြင်း လုပ်ငန်းတို့ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။ ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းသည် တမံအလျားပေ၁၂၆၀၊ အမြင့်ပေ၂၄၀ရှိသည့် ကျောက်ဖြည့်တမံဖြစ်သည်။ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀ရရှိမည်ဖြစ်ပြီး ဧကတစ်သိန်း တစ်သောင်းခန့်ကို စိုက်ပျိုးရေပေးဝေ နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ကျောက်တံခါးမြို့နယ်၌လည်း ရဲနွယ်ရေလှောင်တမံ ဘက်စုံ စီမံကိန်းကို အကောင်အထည်ဖော်နေသည်။ ရဲနွယ်ရေလှောင်တမံဘက်စုံ စီမံကိန်းကြောင့် စိုက်ပျိုးမြေဧက၁၈၅၀၀ခန့်ကို စိုက်ပျိုးရေပေးဝေ နိုင်မည်ဖြစ်ပြီး ရေအားလျှပ်စစ်၂၅မဂ္ဂါဝပ် ထုတ်ယူရရှိမည်ဖြစ်သည်။ ရဲနွယ်ရေလှောင်တမံ ဘက်စုံ စီမံကိန်းသည် ပြွန်တန်ဆာလွင်ပြင်ဆည်အစုအဖွဲ့တွင် တည်ရှိပြီး ရဲနွယ်ရေလှောင်တမံဘက်စုံစီမံကိန်းနှင့်အတူ ဘိုင်းဒါး၊ ကောလိယ၊ ဘောနီနှင့် ပျဉ်ပုံကြီး ရေလှောင်တမံများပါဝင်တာ စုစုပေါင်းဧကနှစ်သိန်းကျော်ကို အကျိုးပြု သွားမည့် ဆည်အစုအဖွဲ့ဖြစ်သည်။ ရဲနွယ်ရေလှောင်တမံစီမံကိန်းကို ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး(၁)နှင့် ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးတို့က တာဝန်ယူ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

စစ်တောင်းမြစ်ဝှမ်းဒေသတွင် ရေအားလျှပ်စစ် စီမံကိန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်း ပဲခူးမြို့နယ်တွင် ဇောင်းတူရေအားလျှပ်စစ် စီမံကိန်းကို တည်ဆောက်ထားပြီးဖြစ်သည်။ ဆက်လက်၍ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၊ ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ခပေါင်းရေအားလျှပ်စစ်စီမံကိန်း၊ ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်း၊ ပသိရေအားလျှပ်စစ် စီမံကိန်းတို့ကို ပဲခူးတိုင်း၌ တည်ဆောက်လျက်ရှိ။

စစ်တောင်းမြစ်ဝှမ်းဒေသတွင် ရေအားလျှပ်စစ် စီမံကိန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်း ပဲခူးမြို့နယ်တွင် ဇောင်းတူရေအားလျှပ်စစ် စီမံကိန်းကို တည်ဆောက်ထားပြီး ဖြစ်သည်။ဆက်လက်၍ ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း၊ ကွန်းချောင်းရေအား လျှပ်စစ်စီမံကိန်း၊ ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ခပေါင်းရေအားလျှပ်စစ် စီမံကိန်း၊ ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်း၊ ပသိရေအား လျှပ်စစ်စီမံကိန်းတို့ကို ပဲခူးတိုင်း၌ တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။

စစ်တောင်းမြစ်ဝှမ်းဒေသ၌ ဆက်လက်တည်ဆောက်မည့် ရေအားလျှပ်စစ် စီမံကိန်းများအနက် ပဲခူးတိုင်း၌ သောက်ရေခပ်နှင့် ဘောကထ ရေအားလျှပ်စစ် စီမံကိန်းနှစ်ခုကိုလည်း ဆက်လက်တည်ဆောက် သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ရွှေကျင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ညောင်လေးပင်-မဒေါက် လမ်းကို အဆင့်မြှင့်ပြုပြင်ပြီး စစ်တောင်းမြစ်ကူး ရွှေကျင်တံတားကိုလည်း တည်ဆောက်ပေးထားသဖြင့် အသုံးချနိုင်ခဲ့ပြီဖြစ်သည်။ ကူးလူးဆက်သွယ် ရောင်းဝယ်ဖောက်ကားသူများဖြင့် စည်ကားလျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မြစ်ချောင်းများ၊ သဘာဝရေထွက်များသည် နှစ်ပေါင်းများစွာကပင် ဖြစ်တည်စီးဆင်းလျက်ရှိသည်။ သဘာဝသယံဇာတအရင်းအမြစ်များကို အသုံးချ၍ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝ မြင့်မားတိုးတက်စေရေးအတွက် နိုင်ငံတော်က ကြိုးပမ်းအားထုတ်ဖော်ဆောင်ပေးလျက် ရှိသည်။

ရေလှောင်တမံတို့မှ ဆည်ရေ၊ ကန်ရေတဖွေးဖွေးနှင့် စိုက်ပျိုးခင်းတို့၏ ကွင်းကျယ်အဝေးဝေးတွင် ပဲခူးတိုင်းကြီး၏ အလွန့်အလွန် တိုးတက်နေသော ပုံရိပ်ကို မြင်တွေ့ခဲ့ရသည့်အတွက် ဂုဏ်ယူ အားတက်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဝင်းသုဇာအရောင်းဆိုင် (ဂန့်ဂေါ)ဖွင့်ပွဲကျင်းပ

ဂန့်ဂေါ ဧပြီ ၁၂

အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၏ ဝင်းသုဇာအရောင်းဆိုင်(ဂန့်ဂေါ) ဖွင့်ပွဲကို ဧပြီရက် နံနက်၉နာရီက အဆိုပါဝင်းသုဇာအရောင်းဆိုင်ရှေ့၌ ကျင်းပရာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသိုက်ထွန်း၊ ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှဆွေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဝင်းသုဇာအရောင်းဆိုင် (ဂန့်ဂေါ) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိုက်ထွန်း၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးလှရှောင်တို့က အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး **(ဝဲပုံ)** ဝင်းသုဇာ အရောင်းဆိုင်သို့လာရောက် ဝယ်ယူအားပေးကြသည့် ပြည်သူများကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြကြောင်း သိရသည်။ **(၂၇၃)**

ကန့်ဘလူမြို့နယ်ကောင်းရိပ်သာလူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်းဖွင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

ကန့်ဘလူ ဧပြီ ၂

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ထန်းကုန်းကျေးရွာအုပ်စု ဇီးပင်သာရွာ ကောင်းရိပ်သာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတ ကျောင်းဖွင့်ပွဲ အခမ်းအနားကို မတ်၆ရက် နံနက်၉နာရီက ဇီးပင်သာရွာဆရာတော် ဘဒ္ဒန္တသုန္ဒရ၏ကျောင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ကောင်းရိပ်သာကို ဆရာတော်ဘဒ္ဒန္တသုန္ဒရနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးခင်မောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လူငယ်ဖွံ့ဖြိုးရေးပရဟိတ ကျောင်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ဆရာတော်က ရှင်းလင်းမိန့်ကြားကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

အဆိုပါ ကောင်းရိပ်သာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတ ကျောင်းတွင် ၆ နှစ်မှ ၁၄ နှစ် အသက်အရွယ်ရှိ လူငယ် ၃၁ ဦးရှိရာ ဆရာတော်က စားဝတ်နေရေး၊ ပညာရေးက အစ ဘဝတစ်သက်တာ ရပ်တည်နိုင်သည်အထိ တာဝန်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၅၆)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု နွားထိုးကြီးမြို့နယ်၌ အလှူရှင်စက်ရေတွင်းဖွင့်

နွားထိုးကြီး ဧပြီ ၅

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျင်းပသော အလှူရှင် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို မတ်၂၃ရက် နံနက်၉နာရီက နွားထိုးကြီးမြို့နယ် ပြင်စည်စံပြကျေးရွာ မြင်းခြံ-မန္တလေးကားလမ်းမကြီးအနီး တပဲသာရေတွင်းတွင် ကျင်းပသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်အေးက စက်ရေတွင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စက်ရေတွင်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ရွှေထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ အလှူရှင်စက်ရေတွင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အမှုဆောင်အရာရှိဦးအေးနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ဝဲပုံ)**

ထို့နောက်မြို့နယ်ဥက္ကဋ္ဌဦးမြင့်ဆွေနှင့် အဖွဲ့သည် အလှူရှင်စက်ရေတွင်းကို ကြည့်ရှုစစ်ဆေးပြီး ရေဘားများ စတင်ဖွင့်လှစ်ပေးရာ ကျေးရွာ ပြည်သူများက တပျော်တပါး ရေသယ်ယူကြသည်။

ပြင်စည်စံပြကျေးရွာ အလှူရှင် စက်ရေတွင်းကို ရာဇာဓိရာဇ်လမ်း ဗိုလ်တထောင် မြို့နယ်နေ ဦးမြင့်ဆွေ-ဒေါ်သန်းလှ မိသားစုက အလှူငွေကျပ် ၂၅၀၀၀၀နှင့် စည်ပင်သာယာရေး ဦးစီးဌာနမှ ပံ့ပိုးငွေကျပ်၅၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၇၅၀၀၀၀ဖြင့် အကုန်အကျခံ တူးဖော်ပေးခြင်းဖြစ်ပြီး ရေထွက်နှုန်း တစ်နာရီလျှင် ဂါလန် ၈၅၀ ထွက်ရှိရာ ကျေးရွာနေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေများဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်းသိရသည်။ **(၂၁၃)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ဝင်ငွေတိုးစက်ချုပ်သင်တန်းဖွင့်

ဘိုကလေး ဧပြီ ၁၀

ဘိုကလေးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် မြို့မ(၂)ရပ်ကွက် ဝင်ငွေတိုး စက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၃၁ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးယုတို့က တက်ရောက် အမှာစကား ပြောကြားကြပြီး သင်တန်းကို ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

သင်တန်းသို့ သင်တန်းသူ၁၀ဦး တက်ရောက်ပြီး သင်တန်းမှာ ဧပြီ ၃ ရက်မှ၃၀ရက်အထိ ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

စဉ့်ကိုင်မြို့တွင် ကျေးလက်သုံးရေကန်ဖွင့်

စဉ့်ကိုင် ဧပြီ ၃

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စဉ့်ကိုင်မြို့နယ် ဘဏ္ဍာ ကျေးရွာ၌ ကျေးလက်သုံး ရေကန်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၇ရက် နံနက် ၉နာရီက အဆိုပါ ကျေးရွာတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွန့်လှိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးကိုတို့က ကျေးလက်သုံး ရေကန်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ရေပေးရေးလုပ်ငန်းမှာ မင်းရဲတူးမြောင်းမှရေကို ကျေးရွာအတွင်းသို့ တင်ပို့ဖြန့်ဝေသည့် လုပ်ငန်းဖြစ်ပြီး ရန်ကုန်မြို့နေ အလှူရှင် ဦးနေမိုး-ဒေါ်ခင်သီတာအောင် မိသားစုက လှူဒါန်းငွေကျပ် ၁၀သိန်းနှင့် နိုင်ငံတော် ထောက်ပံ့ငွေကျပ်၁၆၃၈၀၀၀ဖြင့် ဆောင်ရွက်ခဲ့ရာ ကျေးရွာနေ ပြည်သူများ ရေဖူလုံစွာ သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပျော်ဘွယ်မြို့နယ်တွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့် ရည်ရွယ်ချက်များရှင်းလင်းပြောကြား၊ စာအုပ်များပေးအပ်လှူဒါန်း

ပျော်ဘွယ် ဧပြီ ၁၀

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနတို့ပူးပေါင်း၍ လက်သဲကြိုးကျေးရွာတွင် လူဝင့်ကြွား ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲနှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ အခမ်းအနားကို မတ်၂၅ရက် နံနက်၉နာရီက အဆိုပါစာကြည့်တိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ လူဝင့်ကြွား ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂)၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းကဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ရှင်းလင်းပြောကြား

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၂)၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုပ်သံ ကျွမ်းကျင်(၃) ဦးဖုန်းနိုင်က စာကြည့်တိုက် ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂)၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိက စာအုပ်များ ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးတင့်ငွေက လက်ခံရယူသည်။

ဆက်လက်၍မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုပ်သံကျွမ်းကျင်(၃) ဦးဖုန်းနိုင်က စာအုပ်များ ပေးအပ်လှူဒါန်းရာစာကြည့်တိုက် ကော်မတီဝင် ဦးကျော်ဝင်းက လက်ခံ ရယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးညှင်းမြို့နယ် ပင့်သာကျေးရွာ စိမ့်စမ်းရေသွယ် ရေပေးရေးဖွင့်

မိုးညှင်း ဧပြီ ၈

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးရွာ ပြည်သူများ ပူးပေါင်းဆောင်ရွက်သော ပင့်သာကျေးရွာ စိမ့်စမ်းရေသွယ် ရေပေးရေး ဖွင့်ပွဲအခမ်းအနားကို မတ်၂၀ရက် နံနက်၈နာရီက ပင့်သာကျေးရွာရှိ ရေဝေကန်အနီး မုခ်ဦး၌ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဒင်က အမှာစကားပြောကြားပြီး မြို့နယ် စည်ပင်သာယာရေး အဖွဲ့အမှုဆောင် အရာရှိ ဦးမြင့်ဇော်က ရေပေးရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ဒင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အမှုဆောင်အရာရှိ ဦးမြင့်ဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မွေးနေ့ဆုတောင်း

ချစ်သမီးလေး ခိုင်စုကျော်(ခ)ကူးကူးငယ်ရဲ့ တစ်နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာထိ စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး ထူးချွန်ထက်မြက် ပြီးပြည့်စုံသော ဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

ချစ်ပါးပါး – ဦးဝင်းမင်းသန်း
Electric Bubb. Co., Ltd. South Korea
ချစ်မာမာ – ဒေါ်စန္ဒာဦး
ချစ်ဘွားဘွား – ဒေါ်စု။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

စစ်ကိုင်းတိုင်း၊ မြောင်မြို့နယ်၊ နန္ဒင်းကိုင်းကျေးရွာနေ ဦးကျော်လှိုင်-ဒေါ်ခင်မြိုင်တို့၏သား

ဒုတိယဗိုလ်အောင်ဆွေဦး B.A. (Math) လှိုင်လင်မြို့နှင့်

ကလောမြို့အမှတ် (၈)ရပ်ကွက်နေ၊ ဦးမောင်တွတ်(ကျန်းမာရေးမှူး၊ သဖန်းဆိပ်ဆည်) ဒေါ်ခင်လေးတို့၏သမီး

မခင်နေဇာဦး (Law တတိယနှစ်)

တို့၏ ၁၀-၄-၂၀၀၅ရက်တွင် နှစ်ဖက်မိဘများ သဘောတူညီချက်အရ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒုတိယဗိုလ်အောင်ဆွေဦး-မခင်နေဇာဦး။

တောင်သာမြို့နယ်အသင်း(ရန်ကုန်)
(အစည်းအဝေး ဖိတ်ကြားခြင်း)

သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များ၊ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ၊ အသင်းမဝင်ရသေးသော မြို့နယ်သူ မြို့နယ်သားများနှင့် အသင်း၏အကျိုးကို လိုလားသူများ မပျက်မကွက် ကြွရောက်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် – ၂၀၀၅ခုနှစ်၊ ဧပြီလ ၂၃ ရက် (စနေနေ့)
ကျင်းပမည့်အချိန် – မွန်းတည့် (၁၂း၀၀)နာရီ
ကျင်းပမည့်နေရာ – စက်မှု(၁)မြှောရုံ
အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်
(တောင်သာ ဒေါ်သီးခေါက်ဆွဲဖြင့် ဧည့်ခံကျွေးမွေးပါမည်)။

အမှုဆောင်အဖွဲ့။

အမည်ဖြည့်စွက်ခြင်း

ကျွန်တော် ဦးတင်စိုး မှတ်ပုံတင်အမှတ် ၂/လကန(နိုင်) ၀၄၆၇၈၄ အား ဦးတင်စိုးဝင်းဟု ဖြည့်စွက်ခေါ်ပါရန်။ **ဦးတင်စိုးဝင်း။**

ကန့်ကွက်နိုင်ပါသည်

မော်တော်ဆိုင်ကယ် ယ/၄၆၇၂၄၏ မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံးသွားပါသဖြင့် မိတ္တူထုတ်ယူခွင့်ပြုပါရန် လျှောက်ထားရာ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး (ရွှေဘို)သို့ လျှောက်ထားကန့်ကွက်ရန် အကြောင်းကြားအပ်ပါသည်။ **ကညန၊ခရိုင်ရုံး(ရွှေဘို)။**

FAME Bee Pollen
ပျားဝတ်မှုန်ဆေးတောင့်

Ocean Gate
Training Centre
☎ 380130
ကွန်ပျူတာနှင့် ဘာသာစကား
သင်တန်းများ
အပတ်စဉ်
ဖွင့်လှစ်နေပါပြီ။
၂၀% အထိ Discount ရရှိပါမည်။

ဘိုကလေးမြို့နယ် မိန်းမလှကျွန်း ဘေးမဲ့တောအတွင်း မျိုးဆက်ထိန်းသိမ်းရန် မိကျောင်းငယ်များဖြန့်လွှတ်

ဘိုကလေး ဧပြီ ၈

ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်သစ်တော ဦးစီးဌာနနှင့် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနတို့ပူးပေါင်း ဆောင်ရွက်သည့် ဘိုကလေးမြို့နယ် မိန်းမလှကျွန်း ဘေးမဲ့တောတွင် ထိန်းသိမ်းစောင့်ရှောက်ထားသော ၂၀၀၄ခုနှစ်ပေါက် မိကျောင်းငယ်များကို သဘာဝချောင်းများအတွင်း ဖြန့်လွှတ်ခြင်း အခမ်းအနားကို မတ် ၂၈ရက်က မိန်းမလှကျွန်း ဘေးမဲ့တော သဘာဝချောင်းအတွင်း ကျင်းပသည်။ **(ဓာတ်ပုံ)**

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မိန်းမလှကျွန်း အုပ်ချုပ်ရေးမှူး ဦးစိုးလွင်နှင့် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးစိန်မိုးတို့က ကြောင်ထောက်ချောင်း၊ ပိုးလောင်းကြီးချောင်း၊ ပိုးလောင်းလေး သဘာဝချောင်းများအတွင်းသို့ မိကျောင်းငယ်ကောင်ရေ ၃၃ ကောင်အား ဖြန့်လွှတ်ပေးခဲ့ပြီး ယခုအခါ ဒီရေတောစနစ်တွင် မရှိမဖြစ် လိုအပ်သည့် မိကျောင်းမျိုးစိတ် ရေရှည်တည်တံ့ရန်နှင့် နိမ့်ကျသော မိကျောင်းကောင်ရေ အမြန်ကုစားနိုင်ရန် ရည်ရွယ်၍ ၁၉၉၈ခုနှစ်မှ ယနေ့အထိ မိကျောင်းကောင်ရေ ၁၄၄ကောင်ကို မျိုးဆက်ထိန်းသိမ်းရန် ဖြန့်လွှတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဧပြီ ၁၃ရက် (သင်္ကြန်အကြိုနေ့)က (၇)ရပ်ကွက် သံသုမာလမ်းတွင် ရေကစားမဏ္ဍပ်ဖွင့်ပွဲ ကျင်းပရာ ရပ်ကွက်ပေါင်းစုံမှ ယိမ်းအဖွဲ့များကပြမှုကို တောင်ဥက္ကလာပ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးစဉ်။ (၁၉၂)

ပခုက္ကူမြို့နယ်၌ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်

ပခုက္ကူ ဧပြီ ၁၀

နှစ်(၆၀)ပြည့်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပခုက္ကူမြို့နယ် ကျတ်တိုးကျေးရွာအုပ်စုရှိ ကျတ်ပြည့်၊ အုန်းတော၊ ဆုံကုန်း၊ အနောက်တော၊ ကြိုးတန်းနှင့် ချောင်းဆုံကျေးရွာတို့တွင် ကျေးရွာစာကြည့်တိုက်များ ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၇ ရက် နံနက် ၁၀ နာရီက ပခုက္ကူမြို့နယ် ကျတ်တိုး အလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးခင်မောင်ကျော်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးနေမှုများကို လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဖေက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအတွက်လည်းကောင်း ဟောပြောကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်မြင့်မြင့်ကြည်က ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များပေးအပ်လှူဒါန်းရာ ကျေးရွာတာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ (၄၁၃)

ဧပြီ ၁၀ရက်က ဗိုလ်တထောင်မြို့နယ် အမှတ်(၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဆောက်အအုံတွင် ကိုယ့်အားကိုယ်ကိုး လောကအလင်း စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြအေး၊ အမှတ်(၆) ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကံအေး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ညိမ်း(ပုဇွန်တောင်)နှင့် စာရေးဆရာ ချစ်ဦးညိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပဒေသာ အားကစားခန်းမဖွင့်ပွဲကျင်းပ ကာယဗလမောင်၊ ကာယအလှမယ်ပြိုင်

ရန်ကုန် ဧပြီ ၁၈

အားကစားဝန်ကြီးဌာန တောင်ဥက္ကလာပမြို့နယ်ရှိ ပဒေသာအားကစားခန်းမ ဖွင့်ပွဲအထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို အဆိုပါအားကစားခန်းမ၌ ဧပြီ ၉ရက်က ကျင်းပရာ မောင်ပြိုင်ပွဲ၌ နှစ်တန်းနှင့် မယ်ပြိုင်ပွဲ၌ လေးတန်းပါဝင်ယှဉ်ပြိုင်ကြသည်။

ဆွတ်ခူးရရှိ

ပြိုင်ပွဲတွင် မောင်မြန်မာမြဦးမောင်ဦးစီးသော ကာယဗလ၊ ကာယအလှလေ့ကျင့်ရေးစခန်း (လသာမြို့နယ်၊ လမ်း ၂၀၊ အောက်ဘလောက်)မှ ဝင်ရောက်ယှဉ်ပြိုင်ရာ ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်လေးခုနှင့် ကြေးတံဆိပ်သုံးခု ဆွတ်ခူးရရှိသည်။

စနစ်တကျလေ့ကျင့်

မောင်မြန်မာမြဦးမောင်၏လေ့ကျင့်ရေးစခန်းတွင် မျိုးဆက်သစ် ကာယဗလမောင်နှင့် ကာယအလှမယ်များကို စနစ်တကျ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အမက(၅) အခြေခံပညာ မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ချီးမြှင့်ပွဲကို မေတ္တာဆောင်တွင် မတ် ၃၀ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှက ကျောင်းသား မောင်ပြည့်ဖွားပိုင်အား ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (ပညာရေး)

မြန်မာ့အသံ

၂၀-၄-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဝဋ္ဋသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (အထူးအသည်းအားဆေး ထုတ်လုပ်မှု)
၁၂း၀၀ မြန်မာ့အနုသဘင် (ဆရာကြီး ဦးဂုဏ်ဘဏ်)
၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (နေ့သစ်တိုင်းမှာမင်္ဂလာ-မင်းနန်-မော်ကျွန်း)
၁၃း၃၀ ယဉ်ကျေးမှုအနုပညာ (ယဉ်ကျေးမှုအလှူ-ဦးမင်းနိုင်)

ညနေပိုင်း

၁၇း၃၀ မြန်မာ့အစာနှင့် အာဟာရ
၁၇း၄၅ သူ့လက်သံလက်စွမ်းပြ (မန္တလေးတိုင်းမှ ဒေါ်ခင်သိန်းအေး၏ ပတ္တလားလက်သံ)
၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) အမျိုးသားရေးဆိုင်ရာ ဓမ္မပဒဝတ္ထုများ (ဆရာတော် ဘဒ္ဒန္တ ဝိမလာဘိဝံသ)
(၂) စေတနာစကား ရသစာစုများ (ကောင်းသန့်)
၁၉း၁၅ မဋ္ဌူရီတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သော ဇော်ဝမ်းနှင့် ရန်အောင်တို့၏ နှစ်သစ်ကိုကြိုဆိုခြင်းစီးရီး

လမ်းညွှန်မှာကြား

မေ ၁၈ ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ရခိုင်ပြည်နယ် သံတွဲမြို့ အဏ္ဏဝါရိပ်သာခန်းမ၌ ရခိုင်ပြည်နယ်အတွင်း လမ်း၊ တံတား တည်ဆောက်ရေး စီမံကိန်းများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားစဉ်။ (သတင်း–ရှေ့ဖုံး) **(သတင်းစဉ်)**

တံတားကြီးငယ်အမျိုးအစားများကို တစ်နိုင်ငံလုံးဖြန့်ကြက်တည်ဆောက်ခဲ့ရာ အတွေ့အကြုံများစွာရရှိ တည်ဆောက်နေသည့်တံတားများ ရေမြေသဘာဝနှင့် လိုက်လျောညီထွေစွာ အရှည်ခိုင်ခံ့အောင်ကြိုးစား ရခိုင်ပြည်နယ်၏လမ်းပန်းဆက်သွယ်ရေး ထူးထူးခြားခြားတိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ပေးခဲ့

လမ်းမကြီးများပေါ်ပေါက်လာ၍ လမ်းတစ်လျှောက်ကျေးရွာများ စီးပွားရေးအခြေအနေများ တိုးမြင့်စည်ပင်လာ

ရန်ကုန် မေ ၁၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် မေ ၁၇ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့မှ ရဟတ်ယာဉ်ဖြင့်ထွက်ခွာလာရာ နံနက် ၈ နာရီ ၂၅ မိနစ်တွင် အမ်းမြို့သို့ရောက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❒

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း အမ်းတပ်နယ်ရှိ အမ်းရိုးမခန်းမ၌ အမ်းတပ်နယ်အတွင်းရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည် မိသားစုများ၊ အမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံ မှာကြားစဉ်။

(သတင်းစဉ်)

19-4 (20).p65 1 3/24/05, 4:56 PM